# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့ (21-2-2016) (၈၄၈၃)


### ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ၆၆/၁၁ ကေဗွီဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ ဖွင့်လှစ်

စာမျက်နှာ » ၈




သံလွင်မြစ်ကျော် မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်း သွယ်တန်းပြီးစီး၍ ဘီလူးကျွန်း ချောင်းဆုံဒေသတွင် ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီ။ [ဓာတ်ပုံ - လှုပ်စစ်]

## မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ ဖွင့်လှစ်

စာမျက်နှာ » ၉

## ပဥ္စမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးဆွေးနွေးချက်များ သဘောတူညီမှုရရှိ

စာမျက်နှာ » ၃

## အစာလည်းဆေး ဆေးလည်းအစာဆိုသော်ငြား . . .

စာမျက်နှာ » ၆




**ကြေးမုံစာတည်းရှုထောင့်** ၂၁-၂-၂၀၁၆၊ တနင်္ဂနွေနေ့

# စစ်မှန်သော နေရာကောင်းကိုယူ

လူတို့အများသုံး ယာဉ်၊ ရထားတို့ဖြင့် ခရီးသွားသောအခါ ခရီးသွားအားလုံးတို့၏ တူညီသောစိတ်သန္တာန်မှာ နေရာကောင်းကောင်းကို ရလိုခြင်းဖြစ်သည်။ မိမိစီးနင်းမည့်ယာဉ်ရထားကို ကြိုတင်လက်မှတ်ဝယ်ယူ၍ သင့်ရာနေရာပေးထားသော်လည်း ယာဉ်ရထားဆိုက်သည်နှင့် အလုအယက်တိုးဝှေ့ကာ မိမိနေရာသို့ အရောက်သွားတတ်သည်။ ယာဉ်ရထား ဆိုက်ရောက်လျှင်လည်း အလုအယက်တိုးဝှေ့ကာ သူ့ထက်ငါဦးအောင် ဆင်းတတ်ကြသည်။ အကယ်၍ သတ်မှတ်နေရာမရသော ယာဉ်ရထားတို့ကို စီးနင်းမည်ဆိုလျှင် ဆိုဖွယ်ရာမရှိချေ။ အလုအယက်ထက်ကျော်လွန်ကာ ပြိုင်ဘက်သဖွယ်၊ ရန်သူသဖွယ်ဖြစ်လာကြသည်။

ယာဉ်ရထားတွင်သာမဟုတ်၊ မည်သည့်နေရာတွင်ပင်ဖြစ်စေ သူတစ်ပါးထက်သာလွန်အောင် နေရာဦးရမည့် အရေးဆိုလျှင် မသင်မပြပေးရဘဲ လျှင်သူဦးကြေးလုပ်ကိုင်တတ်သည်။ ဤသည်မှာ မြန်မာတို့၏ နေရာယူခြင်း စရိုက်လက္ခဏာပေတည်း။ ထိုသို့နေရာမဦးလျှင်လည်း နေရာကောင်းမရနိုင်သောကြောင့် အတ္တများသည်ဟုဆိုဆို ထိုအချိန်ထိုကာလ တဒင်္ဂလေးတွင်ပင် မဖြစ်မနေ နေရာဦးလိုစိတ် အနည်းနှင့်အများ ဖြစ်တတ်ကြသည်။

သာဓကအားဖြင့် ရထား၊ ကားစီးရမည့်အချိန်မှာ နာရီပိုင်းမျှသာ ဖြစ်သည်။ ထိုအချိန်လေးအတွင်း၌ နေရာကောင်းမရလျှင် ဆင်းရဲမည်စိုး၍ အလုအယက်နေရာယူကြသည်။ အချို့လည်း ကြိုတင်ငွေပေး၍ သီးသန့်နေရာရအောင် ကြိုးစားကြရသည်။ ထိုမျှမက အဝေးသွား ယာဉ်၊ ရထားပေါ်တွင် စိတ်ချရသော ခရီးဖော်ကို မျှော်ရသေးသည်။ အကယ်၍ နေရာကောင်းမရလျှင် စိတ်မကောင်းဖြစ်ရသည်။ မိမိနှင့်အတူသွားခရီးသည်ကို အကဲခတ်ကြည့်သေးသည်။ မိမိက ရိုးသားပုံမရဟု ထင်မြင်မိလျှင် တစ်လမ်းလုံးစိတ်မချနိုင်ဘဲ ဆင်းရဲစွာလိုက်ပါရသည်။

မြန်မာများနေရာဦးပုံမှာ ဘဝနိဂုံးချုပ်ချိန် အဆုံးသတ်ပို့ဆောင်ရေးခရီး တစ်ခဏတွင်ပင် ကျန်ရစ်သူများက မိမိနှင့်သက်ဆိုင်သူအတွက် နေရာကောင်းဦးပေးတတ်သည်။ မိမိအလှည့်တွင်လည်း ထိုသို့နေရာဦးပေးလိမ့်မည်ဟု ထင်မှတ်ထားကြသည်။ အမှန်တကယ်တွင် မိမိအတွက် စစ်မှန်သော နေရာကောင်း၊ စိတ်ချလုံခြုံသော နေရာကောင်းဆိုသည်ကိုမူ ဘာမှန်းမသိကြသည်ကများသည်။ လောလောဆယ် တဒင်္ဂနေရာဦးဖို့သာ အာရုံစိုက်ကြသည်က များသည်။ ထိုထက်မက ကြီးမားလှသည့် ရာထူးဂုဏ်သိမ်စည်းစိမ်နေရာရရှိဖို့အတွက်ဆိုလျှင်မူ ပြောဖွယ်ရာမရှိတော့ချေ။

ဤမျှတခဏတာအရေးကို တွေး၍ကြောက်ကာ နေရာကောင်းရစေရန် ကြိုးပမ်းအားထုတ်ကြသူတို့သည် မိမိတို့သံသရာဘဝနေရာ၊ သံသရာအဖော်ကောင်းနေရာ အဘယ်ကြောင့်မကြိုးစားဘဲ အေးစက်စက်နေကြပါသနည်း။ ဘဝခရီးတွင် မတော်တဆ ခြေချော်လက်ချော် အပယ်လေးဘုံသို့ရောက်သွားလျှင် တစ်ဘဝလုံးဆင်းရဲရုံသာမက အဆက်ဆက်ကုသိုလ်တိုးပွား၍ အဆက်ဆက်နေရာကောင်းမရဘဲ ရှိချေလိမ့်မည်။ ယင်းကိုလည်း ယုံကြည်မှုနည်းကြပေသည်။ တကယ်မှမဖြစ်တာဟု ဆင်ခြေပေးမည်ဖြစ်သည်။ စစ်မှန်သော နေရာကောင်းရရှိရန် မပြင်ဆင်မိဘဲ ဘဝကူးပြောင်းသွားကြသူများအနေဖြင့် ထိုဘဝတွင်နေရာကောင်းရ၊ မရ ပညာသတိဖြင့် ဆင်ခြင်ကြည့်နိုင်ပေသည်။

လောကီ၊ လောကုတ္တရာအလိုအရ အနာဂတ်အတွက် တွေးတောပူပန်မနေဘဲ ပစ္စုပ္ပန်ကို တည့်တည့်ကြည့်ပါဟု ဆိုရာ၌ လောဘ၊ ဒေါသ၊ မောဟ၊ သောကကင်းစွာဖြင့် ပစ္စုပ္ပန်ကာလတွင် သူတော်ကောင်းတရားတို့ဖြင့် မွေ့မြူခြင်းကို ကြည့်ရန် ဖြစ်သည်။ အနာဂတ်ဆိုသည်မှာ ယခုမျက်မှောက်ကာလ မိမိတို့၏ အကောင်း၊အဆိုးဆောင်ရွက်မှုတို့၏ အကျိုးရလဒ်ပင်ဖြစ်သည်။ သံသရာဆိုသည်မှာလည်း အလားတူပင်ဖြစ်သည်။

ယခု ယာဉ်ရထားစီးဥပမာသည် မြန်မာလူမျိုးအများစုတွင် ကိန်းဝပ်နေသော၊ မဖျောက်ဖျက်နိုင်သော စိတ်စေတသိက်များဖြစ်သည်။ ထိုစိတ်များကြောင့်ပင်လျှင် လူအချင်းချင်း အမုန်းပွားခြင်း၊ မေတ္တာမထားနိုင်ခြင်း ဖြစ်ကြရသည်။ ထိုစိတ်ကိုပါးလျားအောင်၊ ပျောက်ပျက်အောင် စွမ်းဆောင်နိုင်ကြမည်ဆိုလျှင် ယခုဘဝ မိမိအတွက် နေရာကောင်းမရလျှင်ပင် နောင်တမလွန်ဘဝအတွက် နေရာကောင်းရနိုင်သည်။ လူတိုင်းလူတိုင်း ထိုစိတ်မျိုးထားနိုင်ကြပါလျှင် လူအချင်းချင်းသာမက နိုင်ငံအတွက်လည်း ဂုဏ်ကျက်သရေတင့်ပေလိမ့်မည်။

ထို့ကြောင့်စစ်မှန်သော နေရာကောင်းကို ယူတတ်ကြစေရန် ဆန္ဒပြုလိုက်ရပါသည်။ ။

## မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသီလရှင်များ၏ ယုံကြည်ချက်နှင့် ညီညွတ်စွမ်းအားဆောင်ရွက်ချက်များ အတွေ့အကြုံနှီးနှောဖလှယ်ပွဲ ပထမဆုံးအကြိမ်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသီလရှင်များ၏ ယုံကြည်ချက်နှင့် ညီညွတ်စွမ်းအား ဆောင်ရွက်ချက်များ အတွေ့အကြုံနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မေတ္တာနန္ဒသာသနာ့ကောလိပ် ငါးကျမ်းပြန်သာသနာ့ရိပ်သာအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်ရွာမဆရာတော် ဘဒ္ဒန္တတိလောကာ ဘိဝံသနှင့် မေတ္တာနန္ဒသာသနာ့ကောလိပ်ငါးကျမ်းပြန်သာသနာ့ရိပ်သာ ပဓာန နာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မပီယတို့က ဩဝါဒကထာမိန့်ကြားတော်မူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဂုဏ်ပြုနှုတ်ခွန်းဆက်စကား လျှောက်ထားတင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ သကျဓိတာသီလရှင်စာသင်တိုက် တိုက်အုပ်နာယက ဒေါ်ကုသလဝတီက "ဗုဒ္ဓသမီးတော် မြန်မာ့သီလရှင်များ၏ သာသနာပြုစွမ်းရည်"ကို လည်းကောင်း၊ ဗုဒ္ဓသမီးတော်သီလရှင်များ၏ အတွေ့အကြုံနှီးနှောဖလှယ်ပွဲ ဖြစ်မြောက်ရေးတာဝန်ခံ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ကထိက ဒေါက်တာ ယုဇနညာဏီက ဗုဒ္ဓသမီးတော်သီလရှင်များ၏ အတွေ့အကြုံနှီးနှောဖလှယ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း လျှောက်ထားတင်ပြကြသည်။

ယင်းနောက် အင်္ဂလန်နိုင်ငံ လန်ကစတာတက္ကသိုလ် ပါမောက္ခဒေါက်တာဟီရိုကို ခါဝါနာမိ က ဝမ်းမြောက်စကား လျှောက်ထားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ပရိသတ်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုဆက်ကပ်လှူဒါန်းကြပြီး နှီးနှောဖလှယ်ပွဲအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ နှီးနှောဖလှယ်ပွဲသို့တက်ရောက်လာကြသော သီလရှင်ဆရာကြီး ဆရာလေးများက ပရိယတ္တိဆိုင်ရာ၊ ပဋိပတ္တိဆိုင်ရာ၊ ပရဟိတလုပ်ငန်းဆိုင်ရာနှင့် တက္ကသိုလ်ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် စာတမ်းများကို ဖတ်ကြားလျှောက်ထားကြသည်။

ယင်းနောက် မေတ္တာနန္ဒ သာသနာ့ကောလိပ် ငါးကျမ်းပြန် သာသနာ့ရိပ်သာ ပဓာန နာယကဆရာတော်က အနုမောဒနာကထာ မြွက်ကြားချီးမြှင့်ပြီး နှီးနှောဖလှယ်ပွဲ ဖြစ်မြောက်ရေးတာဝန်ခံ ကထိက ဒေါက်တာယုဇနညာဏီက ကျေးဇူးတင်ဝမ်းမြောက်စကား လျှောက်ထားတင်ပြသည်။

နှီးနှောဖလှယ်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သီလရှင်စာသင်တိုက်များ၊ သီလရှင်သင် ပညာရေးကျောင်းများနှင့် ဓမ္မရိပ်သာများမှ သီလရှင်ဆရာကြီး ဆရာလေးများ စုစုပေါင်း အပါး ၃၀၀ ကျော်ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၁ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ရီရီမြင့်)**

## အယ်လ်နီညို ဖြစ်စဉ်ကြောင့် ထိခိုက်မှုမရှိစေရေး ကြိုတင်ကာကွယ်ဆောင်ရွက်မှုများစတင်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ၂၀၁၆ခုနှစ်နွေရာသီ၌ ပုံမှန်အပူချိန်ထက် ပိုမိုပူပြင်းနိုင်ပြီး သေချာမှုရာခိုင်နှုန်း ၆၀ မှ ၇၀ ရာနှုန်းရှိသော ဒေသခြောက်ခုတွင် စစ်ကိုင်းတိုင်းဒေသကြီး ပါဝင်ရာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် အသုံးချရေးဦးစီးဌာနစသည့် ဌာနပေါင်းစုံတို့မှ အားကောင်းသည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေ၊ စိုက်ပျိုးရေးဆည်ရေနှင့် အခြားကဏ္ဍများ ထိခိုက်မှုမရှိစေရေးအတွက် ကြိုတင် ဆောင်ရွက်သင့်သည်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ညွန့်ထံမှသိရသည်။

"အယ်လ်နီညို ဖြစ်စဉ်ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထိခိုက်မှုမရှိစေဖို့အတွက် မြစ်ချောင်းဆည်ကန်တွေမှာရှိထားပြီး ဒါမှမဟုတ်သိုလှောင်ထားပြီးတဲ့ရေတွေကို အလေအလွင့်မဖြစ်ပေါ်စေဖို့ အလဟဿဖြုန်းတီးတာ အကျိုးမဲ့သုံးစွဲတာတွေကိုမပြုမိကြဖို့လိုပါတယ်။ စိုက်ပျိုးရေကို ဆည်ကန်တွေကနေ အလေအလွင့်မရှိဘဲ ပေးသွင်းနိုင်ရေးစီမံဆောင်ရွက်ထားဖို့လိုပါတယ်။

ဒါ့အပြင် မြေအောက်ရေကို ထုတ်ယူသုံးစွဲရင် ရေလိုတာနည်းတဲ့သီးနှံနဲ့ မျိုးကွဲတွေကို ပြောင်းပြီး စိုက်ဖို့လိုပါတယ်။ ဆည်ရေသောက် စပါးစိုက်ခင်းတွေမှာ သက်တမ်းတိုမျိုး ပြောင်းလဲစိုက်ဖို့လိုပြီး တစ်ကွင်းတစ်စပ်တည်း အနီးစပ်ဆုံး စိုက်ချိန်တူညီအောင် ညှိနှိုင်းဖို့လိုပါမယ်။ စပါးမှာ စိုက်ကွက်တွေကို ရေသွင်းရင် ခွက်ဆင့်သောက်ရေယူနည်းအစား လယ်ကြားမြောင်းတွေတူးပြီး ရေယူစိုက်ဖို့လိုသလို ကန်သင်းလျံရေသွယ်တာနဲ့ အမြဲတမ်းရေလှောင်ထားမယ့်အစား ရေသွင်းရေခန်းစနစ်နဲ့လုပ်ရင် ပိုသင့်တော်ပါတယ်။ ရေယူဖို့ခက်တဲ့ဆည်ရေသောက်ဧရိယာ အဖျားပိုင်းတွေမှာ စပါးအစားနွေပဲတီ၊ နွေနှမ်းစတဲ့သီးနှံတွေကို စိုက်ချိန်ညီအောင် ညှိနှိုင်းစိုက်ဖို့လိုပါမယ်"ဟု ဦးခင်မောင်ညွန့်က ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ပြောသည်။

ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းအနေဖြင့် ယာသီးနှံများတွင်ရေယူသော စနစ်ကိုလက်ရှိကျင့်သုံးသည့် မြောင်းသွင်းစနစ်အစား ရေချွေတာနိုင်သည့်စနစ်များဖြစ်သော ရေဖျန်းခင်းစနစ်များ (SPRINGLE IRRIGATION) နှင့် နှစ်ရှည်သီးနှံများတွင် အစက်ချရေပေးစနစ်များ (DRIP IRRIGATION) ကို ပြောင်းလဲ ကျင့်သုံးသွားမည်ဖြစ်သလို ယာသီးနှံများတွင် မြေတွင်းအစိုဓာတ်ထိန်းသိမ်းနိုင်ရန် ကောက်ရိုး၊ မြက်ခြောက်၊ စပါးခွံ၊ ပဲရိုးစသည့် သီးနှံအကြွင်းအကျန်များကို မြေဖုံးပစ္စည်းများအဖြစ် ထည့်သွင်းဖုံးလွှမ်းကာကွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## လျှပ်စစ်ဓာတ်အားစနစ်ကောင်းမွန်ရေး စက်တိုးချဲ့တပ်ဆင်

**တီးတိန် ဖေဖော်ဝါရီ ၂၀**

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့ ဓာတ်အားစနစ်ကောင်းမွန်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးအတွက် လွယ်ဘွားလ်ရပ်ကွက်၊ မြို့မရပ်ကွက်၊ စကော့လမ်းရပ်ကွက်၊ လေးလုမ်းရပ်ကွက်များတွင် (၁၁/ သုည ဒသမ ၄) ကေဗွီ၂၀၀၊ ကေဗွီအေထရန်စဖော်မာတစ်လုံးစီ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်နိုင်နှင့် လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် တီးတိန်မြို့နှင့် ကျေးရွာသုံးရွာတို့အား ဇာလွိုးရေအားလျှပ်စစ်စက်ရုံမှ ၂၀၀ KW နှစ်လုံးနှင့် ၃၀၀ KVA ဒီဇယ်ဓာတ်အားပေးစက်တို့ဖြင့် တစ်ရက်လျှင် ၁၆ နာရီခန့် ဓာတ်အားထုတ်လွှတ်ပေးလျက်ရှိသည်။ ယင်းအပြင် လျှပ်စစ်မီးလိုင်းကြိုးများ၊ ဓာတ်တိုင်များနှင့် အိမ်သုံးလျှပ်စစ်ဝါယာကြိုးများ ကောင်းမွန်မှုရှိ၊ မရှိ၊ ဓာတ်တိုင်များအား အသစ်လဲလှယ်ခြင်း၊ လျှပ်စစ်လိုင်းကြိုးများ မပူးမိစေရေးနှင့် မီးကြိုးများရိုက်ခတ်ခြင်းကြောင့် မီးကြိုးများပျက်ကျမှုအန္တရာယ်မှ ကာကွယ်ရန် Isolated Link Connection များတပ်ဆင်ခြင်းစသည့် လျှပ်စစ်အန္တရာယ်သတိပြုဖွယ်ရာများကို ပညာပေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ဇိုဟောဆာ)**

**စာပေ မြင့်မှ လူမျိုး တင့်မည်**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# ပဉ္စမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစည်းအဝေးဆွေးနွေးချက်များ သဘောတူညီမှုရရှိ

သတင်း >> ရဲခေါင်ညွန့်
ဓာတ်ပုံ >> ဖိုးထောင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပခဲ့မှုအပေါ် သုံးသပ်ဆွေးနွေးရန်၊ ယခင်က ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အစည်းအဝေးအဆင့်ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုအခြေအနေများ ဆွေးနွေးရန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စများဆွေးနွေးရန်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှတ်တမ်းနှင့်ဆွေးနွေးချက်အစီရင်ခံစာများ ထုတ်ပြန်ရေးကိစ္စတို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)၏ ပဉ္စမအကြိမ်အစည်းအဝေးကို ပြုလုပ်ခဲ့သည်။



အဆိုပါ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ UPDJC ၏ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံရေးပါတီအစုအဖွဲ့မှ ဦးသုဝေတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဖွင့်အမှာစကားပြောရာတွင် "ဒုတိယလွှတ်တော်ကနေ UPDJC အဖွဲ့ဝင်အဖြစ် ဒီကနေ့ တက်ရောက်လာကြတဲ့ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌ နှစ်ဦးကိုလည်း UPDJC က ကြိုဆိုပါတယ်။ အားလုံးရဲ့ကြိုးပမ်းမှုကြောင့် NCA လည်း လက်မှတ်ထိုးနိုင်ခဲ့ပါပြီ။ ကျွန်တော်တို့ အစိုးရအနေနဲ့ ကျန်ရှိနေသေးတဲ့ သက်တမ်းအတွင်းမှာ လုပ်နိုင်တာတွေအားလုံးကို စေတနာနဲ့ရော တာဝန်အရပါ လုပ်ပေးသွားပါမယ်။ ကျွန်တော်တို့အနေနဲ့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ကိုသွားပြီး NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေနဲ့သွားရောက်တွေ့ဆုံဆွေးနွေးဖို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ NCA လက်မှတ်ထိုးပြီး နိုင်ငံရေးလုပ်ငန်းစဉ်တွေကလည်း စနေပြီဆိုတော့ အခြားတိုင်းရင်းသားအဖွဲ့တွေအနေနဲ့ ပါဝင်လာနိုင်ဖို့ အချိန်ကောင်းလည်း ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာသိပ်ပြီး နူးညံ့သိမ်မွေ့ပါတယ်။ ဒါ့ကြောင့် အခုရထားတာတွေကို မရရအောင် ဆက်ထိန်းပြီး ရှေ့ကိုရောက်အောင် အားလုံးအတူ လက်တွဲသွားကြဖို့ လိုပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ UPDJC တွင်ပါဝင်လာသည့် ဒုတိယလွှတ်တော်များမှ ကိုယ်စားလှယ် "အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီ" ဥက္ကဋ္ဌ ဒေါ်ရှီလာနန်တောင်နှင့် "ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ" ဥက္ကဋ္ဌ ဦးခွန်မောင်သောင်းတို့က မိတ်ဆက်စကားပြောကြားသည်။

ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်းက "ကျွန်တော်တို့တာဝန်နဲ့ဝတ္တရားအရ လွှတ်တော်အနေနဲ့ သတ်မှတ်ပေးလို့ ပါဝင်လာခြင်း ဖြစ်ပါတယ်။ တိုင်းရင်းသားတွေရဲ့ စာပေယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ၊ တိုင်းရင်းသားဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းပန်းဆက်သွယ်ရေးစတဲ့ အရာတွေကို တာဝန်ယူဆောင်ရွက်ပေးဖို့ပါ။ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စနဲ့ ပတ်သက်လို့တွေ့ဆုံဆွေးနွေးမယ်။ ညှိနှိုင်းပေါင်းစပ်မယ်။ နောက်လွှတ်တော်ကို တင်ပြမယ်ဆိုတဲ့ ဝတ္တရားတွေလည်း ကျွန်တော်တို့မှာ ရှိမှာဖြစ်ပါတယ်။ ပင်လုံစာချုပ်ကနေ ပေါက်ဖွားလာတဲ့ ဒီငြိမ်းချမ်းရေးကို သဘောရိုးနဲ့ စေတနာမှန်နဲ့ ဝိုင်းဝန်းတည်ဆောက် ကြိုးပမ်းမယ်ဆို အလားအလာကောင်းတွေ အများကြီးရှိမယ်လို့ ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းနဲ့ ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ပိုမိုပါဝင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကတိပြုပါတယ်"ဟု ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေး၌ လာမည့် မတ် ၃၀ ရက် အစိုးရအလွှဲအပြောင်းပြီးသည့်အခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း လွှဲပြောင်းပေး၍ ချောချောမွေ့မွေ့ လုပ်ဆောင်နိုင်ရန်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ကျင်းပခဲ့မှုအပေါ် သုံးသပ်ဆွေးနွေးရာတွင် NCA ၏ ပြဋ္ဌာန်းချက်အတိုင်း စတင်ဆောင်ရွက်ရန်၊ NCA တွင် ပြဋ္ဌာန်းထားသည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရေးကိစ္စများ ဆောင်ရွက်ရန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှတ်တမ်းနှင့် ဆွေးနွေးချက် အစီရင်ခံစာများ ထုတ်ပြန်ရေးမှတ်တမ်းဆွေးနွေးချက်နှင့် အစီရင်ခံစာများအား အစိုးရမပြောင်းခင် မတ်လအတွင်း အချောသပ်၍ ထုတ်ပြန်ရန်၊ ဆဋ္ဌမအကြိမ်ပြုလုပ်ကျင်းပမည့် အစည်းအဝေးအား မတ် ၁ ရက်တွင် ခေါ်ယူရန် ဆွေးနွေးနိုင်ခဲ့ကြောင်း MPC ၏အထူးအကြံပေး ဦးလှမောင်ရွှေထံမှ သိရသည်။

ဦးလှမောင်ရွှေက "ကျွန်တော်တို့ဒုတိယလွှတ်တော်များက ဖေဖော်ဝါရီ ၁ ရက်မှာစပါတယ်။ အဲ့ဒီလွှတ်တော်များက UPDJC ကိုယ်စားလှယ် နှစ်ဦးကို ဒီနေ့စေလွှတ်ပါတယ်။ UPDJC အဖွဲ့ဝင်အနေနဲ့ပါ။ အခုလက်ရှိ UPDJC မှာ အစိုးရဘက်က ကိုးဦး၊ တပ်မတော်ဘက်က ငါးဦး၊ လွှတ်တော်က နှစ်ဦးအနေနဲ့ရှိပါတယ်။ နောင်အစိုးရတစ်ခုပြောင်းလို့ ပုံစံပြောင်းရင်လည်း ကျွန်တော်တို့ UPDJC က ဆက်ရှိမှာပါ။ နောက်ဝန်ကြီး ဦးအောင်မင်းက NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားအဖွဲ့ (၇)ဖွဲ့ကို သူ့အနေနဲ့ အခုလုပ်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အကြောင်း နားလည်လာအောင် တွေ့ဆုံရှင်းပြဖို့ရှိပါတယ်" ဟုပြောသည်။

ပဉ္စမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)သို့ UPDJC အဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တက်ရောက်ကြသော ဦးခွန်မောင်သောင်းသည် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံသို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သူတစ်ဦးဖြစ်သည်။ မြစ်ကြီးနားတွင်နေထိုင်သည့် ဒေါ်ရှီလာနန်တောင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး တက္ကသိုလ်အငြိမ်းစားပါမောက္ခတစ်ဦးဖြစ်သည်။

# မထသ(ဗဟို)ကို ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်များကြီးကြပ်ရေးကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းမည်

သတင်း - ဝင်းဝင်းမော်
ဓာတ်ပုံ - ဇော်မင်းလတ်

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီ(မထသ)ကို ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြောင်းလဲဖွဲ့စည်းသည့်တာဝန်ကို မထသအနေဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော ကြီးကြပ်ရေးအဖွဲ့၊ ရွေးချယ်တင်မြှောက်ရေးကော်မရှင်စသည့်အဖွဲ့အစည်းများမှ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ဖွဲ့စည်းပေးမည်ဖြစ်ရာ အဖွဲ့သစ်ကို လက်ရှိရွေးချယ်ဆဲဖြစ်ကြောင်းနှင့် ရွေးချယ်ဖွဲ့စည်းပြီးပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း မထသ(ဗဟို )မှ သိရသည်။

"ပြောင်းလဲဖွဲ့စည်းမှုကို မထသအနေနဲ့ ကြိုဆိုတယ်။ ပြောင်းလဲဖွဲ့စည်းတဲ့အထဲမှာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က လေးယောက်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သား ကိုယ်စားလှယ်ငါးယောက်ပါတယ်ဆိုတော့ အကယ်၍ အကြောင်းအရာတစ်ခုကို ဆွေးနွေးမယ်ဆိုရင် မဲခွဲမှုက အများစုပေးထားတယ်။ ဥပမာ-ယာဉ်ပိုင်ရှင်ကိုယ်စားလှယ်ဆိုရင် ကော်မတီရဲ့ ဒုတိယဥက္ကဋ္ဌတာဝန် ပေးထားတယ်။ ယာဉ်လုပ်သားကိုယ်စားလှယ်ဆိုရင် တွဲဖက်အတွင်းရေးမှူးဆိုပြီး လျာထားပေးထားတယ်။ သူတို့တာဝန်ယူကြီးကြပ်ပေးရမယ့်အပိုင်းကို ရောက်တော့မယ်။ ဒါကြောင့် ကျွန်တော့်အမြင်က စနစ်မပြောင်းနိုင်သေးသည့်တိုင်အောင် ဒီလိုပြောင်းလဲဖွဲ့စည်းမှုတွေဟာ ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်တွေအတိုင်း အကောင်အထည်ဖော်နိုင်ရင် အခုအနေအထားထက် ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်မယ်လို့ယူဆပါတယ်" ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က သုံးသပ်ပြောကြားသည်။

ကြီးကြပ်မှုကော်မတီတွင် တာဝန်ထမ်းဆောင်မည့်သူ ကိုးဦးဖြင့် အကြမ်းဖျင်းဖွဲ့စည်းထားပြီး အစိုးရအဖွဲ့က တာဝန်ပေးအပ်သူများ၊ ရွေးချယ်တင်မြှောက်ခံထားရသည့် ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ ပါဝင်ကြောင်း သိရသည်။ ကြီးကြပ်ရေးအဖွဲ့က ရွေးချယ်ထားသူ လေးဦး၊ ရွေးကောက်တင်မြှောက်ထားသူ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားကိုယ်စားလှယ်ငါးဦး စုစုပေါင်း ကိုးဦးကို နည်းဥပဒေနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီအောက်မှာပဲ မထသ(ဗဟို)လို တိုင်းဒေသကြီး ကြီးကြပ်မှုဗဟိုကော်မတီဆိုပြီး ကော်မတီတစ်ရပ်ပါတယ်။ နောက်အဲဒီကော်မတီအောက်မှာ တိုင်းဒေသကြီး ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များကြီးကြပ်မှုကော်မတီ၊ တိုင်းဒေသကြီး အဝေးပြေးခရီးသည် ပို့ဆောင်ရေးမော်တော်ယာဉ်များ ကြီးကြပ်မှုကော်မတီ၊ မြို့တွင်းခရီးသည် ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းများကြီးကြပ်မှုကော်မတီ၊ အရှေ့ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင် ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီ၊ တိုင်းဒေသကြီး စီးလုံးငှားမော်တော်ယာဉ်များကြီးကြပ်မှုကော်မတီ၊ တိုင်းဒေသကြီး ပဋိညာဉ်ဖြင့် ပို့ဆောင်သော(ကြို/ပို့) မော်တော်ယာဉ်များကြီးကြပ်မှုကော်မတီဆိုပြီး ကိုးခုကို တိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေနဲ့အညီ မထသအဖွဲ့အစည်းတွေကို ပြန်လည်ဖွဲ့စည်းနေပြီဖြစ်ပါတယ်"ဟု မထသ(ဗဟို)ဥက္ကဋ္ဌက ပြောသည်။

လက်ရှိမထသ(ဗဟို)ရန်ကုန်မြို့တွင်းတွင် ယာဉ်လိုင်းအဖွဲ့အစည်းပေါင်း ၁၇ ဖွဲ့၊ ယာဉ်လိုင်းပေါင်း ၃၅၂ လိုင်းနှင့် ယာဉ်စီးရေ ၇၄၇၃ စီးရှိပြီး နေ့စဉ်ယာဉ်စီးရေ ၄၆၀၀ ကျော် ထွက်ရှိကာ ခရီးသွားပြည်သူ ၅ဒသမ ၂ သန်းကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် အခြား ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဆက်စပ်ပြေးဆွဲနေသည့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)ယာဉ်လိုင်းတွင် ယာဉ်လိုင်းပေါင်း ၁၄၅ လိုင်းနှင့် ယာဉ်စီးရေ ၁၆၄၄ စီးဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် မထသ(ဗဟို)သည် ပုဂ္ဂလိကမော်တော်ယာဉ်များကို အခြေပြုပြေးဆွဲရသည့်အတွက် စီမံကွပ်ကဲမှုအပိုင်းနှင့် ပြည်သူလူထုအကျိုးငှာ ဆောင်ရွက်ပေးရသည့် အပိုင်းတွင် အားနည်းချက်များရှိကြောင်း၊ ပုဂ္ဂလိကများဖြစ်ခြင်းကြောင့် တစ်နေ့တာပြေးဆွဲမှုအပေါ် ရရှိသော ဝင်ငွေကို ခွဲဝေခံစားမှုကြောင့် ယာဉ်စီးခပိုမိုတောင်းခံခြင်း၊ လမ်းကြောင်းမမှန် ပြေးဆွဲခြင်းစသည့် စည်းကမ်းဖောက်ဖျက်မှုများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ထားသော ပြစ်မှု၊ ပြစ်ဒဏ်(၁၃၈)ချက်ဖြင့်သာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရန်ကုန်မြို့ သယ်ယူပို့ဆောင်မှုအားနည်းတာက မထသကြောင့်လို့ ယူဆနေကြတယ်။ ကားတစ်စီး ဒီနေ့လိုင်းဆွဲချင်ရင် မထသ(ဗဟို)က ခွင့်ပြုလို့မရသလို ထွက်အောင်လည်း တွန်းအားပေးလို့ မရပါဘူး။ ဥပဒေပါပြဋ္ဌာန်းချက်တွေကို ကိုင်တွယ်တဲ့အဖွဲ့အစည်းတွေရဲ့ ခွင့်ပြုချက်ကို လိုက်နာရပါတယ်။ လိုက်နာမှု ရှိ/မရှိဆိုတာကို မထသက ကြီးကြပ်ပေးရတာပဲဖြစ်ပါတယ်"ဟု မထသ(ဗဟို)ဥက္ကဋ္ဌက ဆိုသည်။

မထသ(ဗဟို)သည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်ခြင်းကြောင့် ပြည်သူများ၏ အခက်အခဲကို ကြားသိပြီး ဖြေရှင်းပေးရန်အတွက် လူကိုယ်တိုင်သော် လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း မထသ၏ လူမှုဝက်ဘ်ဆိုက်အီးမေးလ်နှင့် တာဝန်မှူး ဖုန်း-၈၅၀၀၆၅၁၊ ၀၀၁၆၅၀-လိုင်းခွဲ ၂၀၀၊ ၂၀၇ နှင့် ၈၅၀၀၆၀၄ တို့သို့ လည်းကောင်း ဆက်သွယ်အကြံပြုခြင်း၊ ဝေဖန်ထောက်ပြခြင်းများကို ပေးပို့ဆောင်ရွက်နိုင်ကြောင်း နှိုးဆော်ထားသည်။



မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်။

၂၀၁၃ ခုနှစ်အတွင်း အကြိမ်ပေါင်း ၃၃၀၊ ၂၀၁၄ ခုနှစ်တွင် အကြိမ်ပေါင်း ၁၄၀၀ ကျော်၊ ၂၀၁၅ ခုနှစ်တွင် အကြိမ်ပေါင်း ၂၀၀၀ ကျော်တိုင်ကြားမှုများရှိခဲ့ကြောင်း သိရသည်။ အဆိုပါ တိုင်ကြားမှုများအပေါ် စစ်ဆေး၍ မှန်ကန်ပါက အရေးယူအပြစ်ပေးခြင်း၊ တိုင်ကြားသူများထံ ပြန်လည်အသိပေးခြင်းဆိုသည့် လုပ်ငန်းစဉ်(၃)ရပ်ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ မထသ၏ပြောင်းလဲဖွဲ့စည်းမှုသည် ပြည်သူလူထုတွေ့ရှိနေရသည့် အခက်အခဲကို ဖြေရှင်းပေးနိုင်မည်ဟုယူဆကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် လက်ရှိအများပြည်သူသယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဥပဒေများပြဋ္ဌာန်းပြီး ပြောင်းလဲဖွဲ့စည်းခြင်း၊ စီမံကွပ်ကဲမှုပြောင်းလဲခြင်း၊ ယာဉ်ပိုင်ဆိုင်မှုနှင့် ပြေးဆွဲမှုစနစ်များပြောင်းလဲခြင်းများကို ပြုလုပ်နေခြင်းကြောင့် ယခုအခိုက်အတန့်အတွင်း ဖြစ်ပေါ်လာသည့်အခက်အခဲများကိုလည်း အချိန်မရွေး အသိပေးနိုင်ကြောင်း၊ အကြံပြု ဝေဖန်ထောက်ပြခြင်းများကို ကြိုဆိုပါကြောင်း မထသ ဥက္ကဋ္ဌက ပြောသည်။

အိမ်စောင့်အစိုးရမတိုင်မီ ခေတ်ကာလက မော်တော်ယာဉ်လိုင်းများကို ယုန်၊ ဆင်၊ ကြံ့၊ ပုစွန်၊ နဂါး၊ လက်ရုံး၊ ရွက်လှေ စသည့် အရုပ်တံဆိပ်များဖြင့် သတ်မှတ်ပြေးဆွဲခဲ့သည်။ ထိုအချိန်က မော်တော်ယာဉ်လုပ်ငန်းများကို စုစည်းထိန်းကွပ်သည့် အဖွဲ့အစည်းမရှိခြင်းကြောင့် ယာဉ်တစ်စီးနှင့် တစ်စီး ပဋိပက္ခများဖြစ်ပေါ်ခဲ့၍ အိမ်စောင့်အစိုးရလက်ထက်တွင် ရန်ကုန်မြို့တော်အတွင်း ပြန့်ကြဲလုပ်ကိုင်နေသည့် ပုဂ္ဂလိကမော်တော်ယာဉ်အားလုံးကို ဖျက်သိမ်းပြီး စုစည်းကြီးကြပ်ခဲ့ကာ ယာဉ်လိုင်းများကိုလည်း အရုပ်တံဆိပ်အစား ယာဉ်လိုင်းအမှတ်များဖြင့် ပြောင်းလဲပြေးဆွဲခဲ့ကြောင်း သိရသည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်တွင် ရန်ကုန်ခရီးသွားလုပ်ငန်း အဆင်ပြေစေရန် ၂၀-၈-၁၉၆၂ ခုနှစ်တွင် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ယင်းမှ တစ်ဆင့် ခေတ်ကာလအလိုက် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု(ဗဟို) ကော်မတီ(မထသ)အဖြစ် လက်ရှိကာလတိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# အိန္ဒိယနိုင်ငံ ဟာယာနားပြည်နယ်တွင် ပဋိပက္ခဖြစ်ပွား၊ လူသုံးဦးသေဆုံးပြီး ၇၀ ကျော်ထိခိုက်ဒဏ်ရာရ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟာယာနားပြည်နယ် ရိုတာ့ခ်ခရိုင်တွင် အစိုးရအလုပ်အကိုင်နှင့် ပညာရေး အခွင့်အလမ်းအတွက် ဆန္ဒထုတ်ဖော်သူများက လက်နက်တိုက်မှသေနတ်များကို ဖေဖော်ဝါရီ ၁၉ ရက် ညပိုင်းကခိုးယူခဲ့ပြီး ဒေသဆိုင်ရာဝန်ကြီးတစ်ဦး၏နေအိမ် အပါအဝင် အဆောက်အအုံများအား မီးတင်ရှို့မှုများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ပဋိပက္ခအကြီးအကျယ်ဖြစ်ပွား ခဲ့ရာ လူသုံးဦးသေဆုံးပြီး ၇၀ ကျော်ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း တာဝန်ရှိသူများက မီဒီယာသို့ ယနေ့ ပြောကြားသည်။

အိန္ဒိယတပ်မတော်သည် အဆိုပါ ပဋိပက္ခဖြစ်ပွားရာ ဒေသရှိပြည်သူများအား ဘေးလွတ်ရာအရပ်သို့ ပြောင်းရွှေ့ပေးရေးအတွက် ရဟတ်ယာဉ်များကိုအသုံးပြုပြီး ယင်းပဋိပက္ခကြောင့် လမ်းများပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ပြီးနောက် ညမထွက်ရအမိန့်ကိုပါ တစ်ပါတည်း ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။ အာဏာပိုင်များက ညမထွက်ရအမိန့်ထုတ်ပြန်ခဲ့သော်လည်း ပဋိပက္ခဖြစ်မှုမှာ အခြားပြည်နယ်များသို့ ပျံ့နှံ့သွားပြီး ဘူဒါခယ်ဒါကျေးရွာတွင် ရထားဘူတာတစ်ခု၊ ရိုတာ့ခ်ခရိုင်တွင် ဘတ်စ်ကားတစ်စီး၊ မော်တော်ယာဉ်များနှင့် ဓာတ်ဆီဆိုင်တစ်ဆိုင်တို့ကို မီးတင်ရှို့ခဲ့ကြောင်း သိရသည်။

အိန္ဒိယပိုင် အောလ်အိန္ဒိယရေဒီယိုအသံလွှင့်ဌာနမှ ကြေညာချက်အရ ယင်းပဋိပက္ခဖြစ်မှုကြောင့် လူသုံးဦး သေဆုံးပြီး ဒေသတွင်းရထားခရီးစဉ် ၄၅၀ ခန့်ကို အာဏာပိုင်များက ဖျက်သိမ်းခဲ့ကြောင်းသိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ရာတွင် ဟာယာနားပြည်နယ်ရဲချုပ် ဝိုင်ပီဆင့်ဂါးလ်က ပြည်နယ်အတွင်း အခြေအနေပုံမှန် ပြန်ဖြစ်လာရေးအတွက် မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးကြိုးစားလျက်ရှိပါကြောင်း၊ ဒေသအတွင်း တရားဥပဒေစိုးမိုးမှုပြန်လည် ရရှိရေးအတွက် ဗဟိုအစိုးရမှ စစ်ကူများစေလွှတ်ပေးရန် မိမိတို့တောင်းဆိုထားပါကြောင်း၊ ယင်းအခင်းဖြစ်မှုတွင် လူသုံးဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်များအပါအဝင် လူ ၇၀ ကျော်ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

တစ်ဆက်တည်းမှာပင် အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး အဆင့်မြင့်အရာရှိ အစည်းအဝေးတစ်ရပ်ကို မြို့တော်နယူးဒေလီတွင် ယနေ့ကျင်းပရာ အိန္ဒိယပြည်ထဲရေးဝန်ကြီးရာဂျနတ်ဆင့်က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ပဋိပက္ခဖြစ်ပွားရာရိုတာ့ခ်ဒေသတွင် မိုဘိုင်းအင်တာနက် ဆက်သွယ်ရေးစနစ်များအား ဆိုင်းငံ့ထားရန်နှင့် စာသင်ကျောင်းများအား ပိတ်ပင်ထားရန် တာဝန်ရှိသူများက အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**



## တရုတ်(တိုင်ပေ) နိုင်ငံတကာလေဆိပ်တွင် ကြိုတင်အသိပေးထားခြင်းမရှိသည့် ဂျပန်ယန်း ၁၁၉ သန်းအား သိမ်းဆည်းရမိ

**တရုတ်(တိုင်ပေ) ဖေဖော်ဝါရီ ၂၀**

တရုတ်နိုင်ငံ (တိုင်ပေ)ရှိ တိုင်ယွန်နိုင်ငံတကာလေဆိပ်တွင် အကောက်ခွန်ဌာနသို့ ကြိုတင်အသိပေးထားခြင်းမရှိဘဲ ခရီးဆောင်အိတ်ဖြင့် သယ်ဆောင်လာသည့် ဂျပန်ယန်း ၁၁၉ သန်း (အမေရိကန် ဒေါ်လာ ၁ သန်း) ကို ဂျပန်အမျိုးသားတစ်ဦးထံမှ ဖေဖော်ဝါရီ ၁၉ ရက်က သိမ်းဆည်းရမိကြောင်း အကောက်ခွန်ဝန်ထမ်းများက မီဒီယာသို့ ပြောကြားသည်။



အသက် ၄၀ ဝန်းကျင်အရွယ်ရှိ အဆိုပါ ဂျပန်အမျိုးသားတစ်ဦးက တိုင်ယွန်နိုင်ငံတကာ လေဆိပ်ရှိ ခရီးဆောင်အိတ် စစ်ဆေးရေးကောင်တာတွင် စစ်ဆေးမှုခံယူနေစဉ် အဆိုပါဂျပန်ငွေစက္ကူများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းဂျပန်အမျိုးသားသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ထွက်ခွာရန် စီစဉ်ထားကြောင်း သိရသည်။

ယခုငွေစက္ကူ ဖမ်းဆီးရရှိမှုပမာဏသည် ယခင်ဖမ်းဆီးရရှိခဲ့သောပမာဏများထက် ပိုမိုများပြားကြောင်း လေဆိပ်အာဏာပိုင်များက ဆိုသည်။ ဖမ်းဆီးရမိသည့် ငွေစက္ကူများသည် ဂျပန်ယန်း ၁၀၀၀၀ တန်များဖြစ်သည်။

ခရီးသွားများအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့်ညီမျှသော နိုင်ငံခြားငွေများကို သယ်ဆောင်သွားမည်ဆိုပါက အကောက်ခွန်ဌာနသို့ ကြိုတင်အသိပေးရမည်ဖြစ်ကြောင်း တရုတ်(တိုင်ပေ) အကောက်ခွန်ဌာနက ကြေညာထားသည်။

ငွေစက္ကူများအစစ်၊ အတုကိုတိကျစွာသိရှိစေရန် စစ်ဆေးမှုများပြုလုပ်မည့်အပြင် ကြိုတင်အသိပေးခြင်းမရှိဘဲ ငွေစက္ကူပမာဏအများအပြား သယ်ဆောင်လာခြင်းနှင့် ပတ်သက်၍လည်း တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

## ယီမင်နိုင်ငံတောင်ပိုင်းမှ မြို့တစ်မြို့အား အယ်လ်ခိုင်ဒါစစ်သွေးကြွများသိမ်းယူ

**အေဒင် ဖေဖော်ဝါရီ ၂၀**

ယီမင်နိုင်ငံတောင်ပိုင်းမှ အက်ဝါမြို့အား အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ဝင်ဒါဇင်များစွာက ဖေဖော်ဝါရီ ၂၀ ရက်တွင် သိမ်းယူထိန်းချုပ်လိုက်ကြောင်းဒေသခံများက ပြောကြားသည်။ အယ်လ်ခိုင်ဒါစစ်သွေးကြွများက ယင်းဒေသတွင်း၌ အဆိုပါမြို့အား သိမ်းယူခြင်းဖြင့် ၎င်းတို့၏ ထိန်းချုပ်နိုင်မှုကို ပိုမိုကျစ်လျစ်ခိုင်မာသွားစေကြောင်း သတင်းတွင် ဖော်ပြသည်။

အယ်လ်ခိုင်ဒါ စစ်သွေးကြွများသည် လွန်ခဲ့သည့် လအနည်းငယ်အတွင်းကပင် အက်ဗ်ယန်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသ မြို့တစ်မြို့နှင့် ပတ်ဝန်းကျင်ရှိ ခရိုင်အချို့အား သိမ်းယူခဲ့ကာ လူဦးရေ ၃၀၀၀ ကျော်ရှိပြီး ပထဝီအနေအထားအရ အရှေ့ဘက်ကမ်းခြေနှင့် အချက်အချာကျသော အဆက်အသွယ်ရှိသည့် ဇင်ဂျီဗာမြို့ငယ်လေးအားလည်း သိမ်းယူထားခဲ့သည်။

အယ်လ်ခိုင်ဒါ စစ်သွေးကြွများက အဆိုပါမြို့အား နံနက်ပိုင်းအချိန်တိုက်ခိုက်ရာတွင် ၎င်းတို့အား ဆန့်ကျင်တိုက်ခိုက်သည့် ပေါ်ပြူလာခုခံရေးအဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားကာ ယင်းခုခံရေးအဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

**ဆင်ဟွာ။**

## မြောက်ကိုရီးယားဘက်မှ အမြောက်ပစ်ခတ်သံ တောင်ကိုရီးယားရေပိုင်နက်ရှေ့တန်းကျွန်းများမှ ကြားရဟုဆို

**ဆိုးလ် ဖေဖော်ဝါရီ ၂၀**

နိုင်ငံအနောက်ပိုင်းပင်လယ်ဒေသမှ မြောက်ကိုရီးယားနှင့် ထိစပ်နေသော ရေကြောင်းပိုင်နက်ဒေသအနီးရှိ တောင်ကိုရီးယားနိုင်ငံ၏ရှေ့တန်းကျွန်းများတွင် ဖေဖော်ဝါရီ ၂၀ ရက်က မြောက်ကိုရီးယားနိုင်ငံမှ အမြောက်ပစ်ခတ်သံကိုကြားရကြောင်း၊ တောင်ကိုရီးယားစစ်ဘက် တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်ကိုကိုးကား၍ ယွန်ဟပ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ယင်းအမြောက်ပစ်ခတ်သံကို အနောက်ပိုင်းပင်လယ်ဒေသရေကြောင်းနယ်နိမိတ်အနီးရှိ တောင်ကိုရီးယားပိုင် ဘေယောင်းကျွန်း၏ မြောက်ပိုင်းဒေသမှ ကြားရသည်ဟု တောင်ကိုရီးယားစစ်ဘက်တာဝန်ရှိသူက ပြောကြားသည်။

ယင်းအမြောက်ကျည်သည် တောင်ကိုရီးယားပိုင်ရေပြင်ပိုင်နက်အတွင်းသို့ ကျရောက်ခြင်းမရှိဘဲ နောက်ဆက်တွဲပစ်ခတ်သံများလည်းကြားရခြင်း မရှိကြောင်းသတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားတပ်ဖွဲ့များသည် ကိုရီးယားနှစ်နိုင်ငံအားပိုင်းခြားထားသည့် ရေကြောင်းနယ်နိမိတ်အနီး၌ အမြောက်ပစ်လေ့ကျင့်မှုပြုလုပ်ခြင်းဖြစ်မည်ဟု တောင်ကိုရီးယားစစ်ဘက်က ခန့်မှန်းပြောကြားသည်။

အမြောက်ပစ်ခတ်သံကြားရပြီးနောက်တွင် နယ်စပ်ကျွန်းများ၌ နေထိုင်သည့်ဒေသခံများအား နေရာရွှေ့ပြောင်းမှုများပြုလုပ်ပြီး ယခုအခါ ၎င်းတို့မှာ မူရင်းနေရာများ၌ ပြန်လည်နေထိုင်ကြပြီဟု ဒေသတွင်းရှိ ဝိုင်တီအန်အသံလွှင့်သတင်း၌ ဖော်ပြသည်။

တောင်ကိုရီးယားစစ်ဘက်သည် မြောက်ကိုရီးယားကပြုလုပ်လာမည့် နောက်ဆက်တွဲရန်စလှုံ့ဆော်ခြင်းများကို နီးကပ်စွာစောင့်ကြည့်လေ့လာနေကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# အက်စ်-၃၀၀ အမျိုးအစားဒုံးကျည်စနစ်များ အီရန်သို့ပေးပို့မှု ရုရှားဆိုင်းငံ့

**မော်စကို ဖေဖော်ဝါရီ ၂၀**

အက်စ်-၃၀၀ အမျိုးအစား လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များအား အီရန်သို့တင်ပို့ပေးမည့် အစီအစဉ်ကို ငွေပေးချေမှုဆိုင်ရာ ပြဿနာရှိနေခြင်းကြောင့် ရုရှားနိုင်ငံက ဆိုင်းငံ့လိုက်ပြီဟု ရုရှားအစိုးရတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံမှ အီရန်နိုင်ငံသို့ပေးပို့မည့် အက်စ်-၃၀၀ အမျိုးအစား လေကြောင်းရန်ကာကွယ်ရေးစနစ်များအတွက် သဘောတူညီချက်ပါ စည်းမျဉ်းများနှင့်အညီ ငွေပေးချေခြင်းမရှိကြောင်း၊ ယင်းဒုံးကျည်စနစ်များ မည်သည့်ကာလတွင် ပေးပို့မည်ကိုအတိအကျပြောကြားရန် အချိန်စောနေသေးကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပီစကော့ဗ်က ပြောကြားသည်။ ဖေဖော်ဝါရီ ၁၆ ရက်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဧည့်သည်တော် အီရန်ကာကွယ်ရေးဝန်ကြီး ဟိုဆန်ဒီဟမ်တို့နှစ်ဦး တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ဒုံးကျည်များ ရောင်းချပေးရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခြင်းရှိ၊ မရှိ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခြင်းမရှိပေ။

ဖေဖော်ဝါရီ ၁၈ ရက်က အက်စ်-၃၀၀ အမျိုးအစား ဒုံးကျည်လက်နက်များ၏ ပထမအသုတ်ကို အီရန်နိုင်ငံသို့ လွှဲပြောင်းပေးအပ်မည့် အခမ်းအနားသို့ အီရန်ကာကွယ်ရေးဝန်ကြီး တက်ရောက်မည်ဟု အီရန်သတင်းမီဒီယာများက ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သို့သော်လည်း ရုရှားစစ်ဘက် အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက မီဒီယာများ၏ ရေးသားဖော်ပြချက်များကို ပယ်ချခဲ့ကြောင်း ရုရှားနိုင်ငံပိုင် တာ့စ်သတင်းဌာနက ဖော်ပြသည်။

**ဆင်ဟွာ။**



# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) ကုန်းတလပေါင်ဆေးပေးခန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)၏ ကုန်းတလပေါင်ဆေးပေးခန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာရှိ အဆိုပါ ဆေးပေးခန်းဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က "ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်လာစေရန် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် ဆေးပေးခန်းအတွက် လိုအပ်သည့်ဆေးဝါး၊ ကုသရေးအထောက်အကူပြု ပစ္စည်းများနှင့် လူနာတင်ယာဉ်ကို လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုဆေးပေးခန်းကို ဒေသခံဆရာဝန်ကိုးဦးအပြင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ ဆရာဝန် ဆရာမများနှင့်ပူးပေါင်းပြီး ရက်သတ္တပတ်လျှင်သုံးကြိမ် ဖွင့်လှစ်ကာ အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆေးခန်းဖြစ်လာတဲ့အတွက် အနီးအနားမှာရှိတဲ့ သံဃာတော်တွေ၊ သီလရှင်တွေ၊ ပြည်သူတွေကို အခမဲ့ကုသပေးလို့ရပြီ။ ဆေးရုံတင်ဖို့လိုအပ်ရင်လည်း ဗဟန်းမှာရှိတဲ့ ဇီဝိတဒါနသံဃာ့ဆေးရုံမှာ တင်ပေးသွားမယ်" ဟု ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က ပြောသည်။




ကုန်းတလပေါင်ဆေးပေးခန်းကို တစ်ဦးတည်းအလှူရှင် ဒေါ်ပိုးဖြူက မြေငါးဧကနှင့် ငွေကျပ်သိန်း ၂၀၀၀ ကို လှူဒါန်းခဲ့ရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ဆေးပေးခန်းနှင့် စာကြည့်တိုက်ကို ယနေ့ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးပေးခန်းနှင့် ပိုးမီးအိမ် စာကြည့်တိုက်အလှူရှင် ဒေါ်ပိုးဖြူက "သဲအင်းဂူကျောင်းမှာ တရားလာထိုင်ရင်း ဒီအရပ်ဒေသမှာ ဘုန်းကြီးကျောင်းတွေ၊ သီလရှင်ကျောင်းတွေက အများကြီးတွေ့ရတယ်။ ဆေးခန်းရှိလားဆိုပြီး စုံစမ်းကြည့်တော့ ဆေးခန်းမရှိတာနဲ့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနဲ့ ချိတ်ဆက်ပြီး လှူဖြစ်သွားတယ်"ဟု ပြောသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်၊ ကုန်းတလပေါင်ဆေးပေးခန်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဝင်းလှိုင်နှင့် အလှူရှင် ဒေါ်ပိုးဖြူတို့က ဆေးပေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းကာ ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဆေးပေးခန်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် ပိုးမီးအိမ်စာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေကအလှူငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ(၂) ဦးအောင်ကြည်က လက်ခံခဲ့သည်။ **(အပေါ်ပုံ)**

**သတင်း- မင်းသစ်၊ ဓာတ်ပုံ-ရဲထွန်း**

## ၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## နွားနို့တိုက်ပါ




ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့
အသားအရေ လှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့

# ချင်းတွင်းမြစ် မုံရွာမြို့ဆိပ်ကမ်းတွင် စက်သုံးဆီတင်ရေယာဉ်ဆိပ်ကမ်း ဖော်ဆောင်လျက်ရှိ၊ ရေယာဉ် ၂၅ စင်း တစ်ပြိုင်တည်း ဆီတင်နိုင်မည်

**မုံရွာ ဖေဖော်ဝါရီ ၂၀**

မုံရွာမြို့ ချင်းတွင်းမြစ်ဆိပ်ကမ်းတစ်လျှောက်ရှိ ကုန်တင်ရေယာဉ်များနှင့် အခြားစက်လှေရေယာဉ်များ စက်သုံးဆီပီပါများ တင်ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာက မုံရွာမြို့ တောင်ဘက် မြစ်ဖြတ်လျှပ်စစ်တာဝါတိုင်ကြီးအနီးတွင် စက်သုံးဆီတင်ဆိပ်ကမ်းအဖြစ် ဖော်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။ အလျားပေ ၁၀၀၀ ကျော် ရှည်လျားသည့် စက်သုံးဆီတင်ဆိပ်ကမ်းကို စက်သုံးဆီကုန်သည်ကြီးများစုပေါင်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဖေဖော်ဝါရီဒုတိယပတ်အတွင်းက စတင်ဖော်ဆောင်ရာ ယခုအခါ ကျယ်ပြန့်သော သောင်ပြင်ဖြတ်ကားလမ်း(မြေမာလမ်း)ကို ဖောက်လုပ်နေကြောင်း သိရသည်။

"မုံရွာမြို့ဆိပ်ကမ်းတစ်လျှောက် မီးဘေးအန္တရာယ် ကြုံတင်ကာကွယ်တဲ့အနေနဲ့ စက်သုံးဆီပီပါတင် ဆိပ်ကမ်းသီးသန့်ကို မုံရွာတောင်ဘက်လျှပ်စစ် တာဝါတိုင်ကြီးတွေနားက သောင်ပြင်ပြန့်ကြီးရှိတဲ့နေရာမှာ ဖော်ဆောင်နေပါပြီ၊ ပေ ၁၀၀၀ ကျော်အရှည်ရှိတဲ့ ဆိပ်ကမ်းဆိုတော့ ကုန်တင်ရေယာဉ်ငါးစင်းလောက် ချောင်ချောင်ရပ်နိုင်ပြီး မြစ်ဘက်ကိုငါးစင်းစီလောက် ထပ်ရပ်နိုင်တော့ တစ်ချိန်တည်း ရေယာဉ် ၂၅ စင်း အတင်အချပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ အဓိကကတော့ ရာသီဥတုပူလာပြီဖြစ်တာရော ဆီပီပါတွေ မော်တော်ပေါ် လိုမ့်တင်တဲ့အတွက် မီးဘေးအန္တရာယ်များတာရော အတွက်စက်သုံးဆီတင်ဆိပ်ကမ်းကို အားချင်းစီစဉ်တာဖြစ်တယ်လို့ သိရပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး အမြန်ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီအတွင်းရေးမှူး ဦးကျော်ဇင်ဦးက ပြောပြသည်။

ဖော်ဆောင်နေသော မုံရွာစက်သုံးဆီတင်ဆိပ်ကမ်းသည် လူနေအိမ်များနှင့်ဝေးကွာသော ကြီးမားကျယ်ပြန့်သည့် သဲသောင်ပြင်ကြီးကို ဖြတ်သန်းမှသာ ရောက်နိုင်သည့်နေရာဖြစ်ပြီး ဆီပီပါတင်မည့် ကုန်တင်ရေယာဉ်များအနေဖြင့် ဆီတင်ဆိပ်ကမ်းတွင် လာရောက်တင်ဆောင်ပြီး အခြားကုန်ပစ္စည်းများကို မုံရွာမြို့ဆိပ်ကမ်းရှိ ယခင်တင်သည့်နေရာတွင် သွားရောက်တင်ဆောင် ထွက်ခွာကြရမည်ဖြစ်သည်။ ဆီတင်သီးသန့်ဆိပ်ဖော်ဆောင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူနေရပ်ကွက်နှင့်ဝေးရာတွင် မီးဘေးအန္တရာယ် ကာကွယ်ရန်အတွက်ဖြစ်သလို ချင်းတွင်းမြစ်ကမ်းတစ်လျှောက်စက်သုံးဆီလိုအပ်ချက်ကိုဖြည့်ဆည်းရာတွင် လွယ်ကူမြန်ဆန်စွာ တင်ပို့နိုင်ရန်အတွက် ဖော်ဆောင်ရခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## လူမှုဖူလုံရေးအကျိုးခံစားခွင့် တလုံးတခဲတည်းထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ကွယ်လွန်သူ၏ ကျန်ရစ်သူမိသားစုများနှင့် အကျုံးဝင်အလုပ်သမားတစ်ဦး၏ ဆေးဖိုးကုန်ကျငွေထုတ်ပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်မြို့၌ ပြုလုပ်သည်။ အခမ်းအနားတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက ကွယ်လွန်သူအာမခံအလုပ်သမားဖြစ်သည့် သန်လျင်ရုံးခွဲတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Hana Microfinance Co.,Ltd. မှ ဒေါ်ခင်ပြည့်ပြည့်ဖြိုး၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် ငွေကျပ် ၃၆ သိန်းနှင့်ရုံးခွဲ(၃) (ရန်ကုန်)တွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်မှ အာမခံအလုပ်သမား ဦးစိုးမင်းသူ၏ ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၂၀ တို့ကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**မြေပုံ ဖေဖော်ဝါရီ ၂၀**

မြေပုံမြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြေပုံမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုမဲရုံများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော မဲရုံမှူး၊ ဒု-မဲရုံမှူး၊ မဲရုံအဖွဲ့ဝင် ဆရာ ဆရာမများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်အေးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစိုးလှိုင်မောင်က ရွေးကောက်ပွဲအတွင်း တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော ဆရာ ဆရာမများအား ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် မြေပုံမြို့နယ်ရွေးကောက်ပွဲတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော မဲရုံမှူး၊ ဒု-မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပေးအပ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ညောင်တုန်းမြို့ စည်ပင်တာပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းတွင် မလွတ်ကင်းသောနေအိမ်များအား ပြောင်းရွှေ့စရိတ်ပေးအပ်

**ညောင်တုန်း ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ညောင်တုန်းမြို့ပတ် စည်ပင်တာ ပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းတွင် မလွတ်ကင်းသော နေအိမ်အဆောက်အအုံများအား ပြောင်းရွှေ့စရိတ်ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် ညနေပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ညွှန်ကြားရေးမှူး ဦးဘိုဘိုကျော်က စည်ပင်တာပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းတွင် မလွတ်ကင်းသောနေအိမ်အချို့အား ပြောင်းရွှေ့ရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ညောင်တုန်းမြို့ပတ်စည်ပင်တာ ပြုပြင်မြှင့်တင်ခြင်း ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် (၉) လမ်းမှ (၁၂)လမ်းကြား ကမ်းအိကမ်းလျှောနေရာ ဆောင်ရွက်ပြီးနှင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးက နေအိမ်ပြောင်းရွှေ့ပြည်သူများအား ရပ်ကွက်အလိုက် အိမ်ထောင်စုများသို့ ပြောင်းရွှေ့စရိတ်ပေးအပ်ခဲ့သည်။ ယနေ့ မြို့ပတ်စည်ပင်တာ ပြုပြင်ခြင်းလုပ်ငန်းတွင် အမှတ် (၁) ရပ်ကွက်မှ နေအိမ် ၁၅ လုံး၊ အမှတ်(၄)ရပ်ကွက်မှ နေအိမ်သုံးလုံး၊ အမှတ်(၅)ရပ်ကွက်မှ နေအိမ် ၂၆ လုံးနှင့် အမှတ်(၆)ရပ်ကွက်မှ နေအိမ်ခုနစ်လုံး စုစုပေါင်း နေအိမ် ၅၁ လုံးအတွက် ပြောင်းရွှေ့စရိတ်ငွေကျပ် ၁၀၇ သိန်းကျော်ကို ပေးအပ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

■

# အစာလည်း ဆေး၊ ဆေးလည်းအစာ ဆိုသော်ငြား ....

ဆွေညီ

ကိုဘသက်၏ ရက်လည်နေ့။

ဆိုးသည့်ရက်ကလည်း သူတို့မိသားစုထံ ကျွန်တော်သွားသတင်းမေးဖြစ်သည်။ ယနေ့ ရက်လည်တွင်လည်း သတင်းမေးရောက်တော့ အကြောင်းသိသူတွေ စုတ်တသပ်သပ်နှင့် ကိုဘသက် အကြောင်း တစ်ယောက်တစ်ပေါက် ပြောကြဆိုကြသည်။

လူပျိုကြီး ကိုဘသက်က အစ်မမိသားစုနှင့် အနေများသည်။ အခုလည်း အစ်မအိမ်တွင် ဆုံးခြင်းဖြစ်သည်။ အစ်ကို့မိသားစုအိမ်တွင်လည်း တစ်လ ကိုးသီတင်းသွားနေချင်နေပြီး ညီမယောက်ျားနှင့်က ပုလင်းတူ ဘူးဆို့ဖြစ်သဖြင့် ညီမအိမ်မှာလည်း မကြာမကြာ သွားနေသည်။ သူ့အလုပ်က အစ်ကို၊ အစ်မ၊ ညီမနှင့် ကျန်မိသားစုဝင်များထံ လက်ဖြန့်တောင်း၍ ရသည့်ငွေနှင့် လည်ရာပြန်စားလုပ်ခြင်းဖြစ်သည်။

ကိုဘသက်အကြောင်းကိုသိသည့် အစ်မ၊ အစ်ကို၊ ညီမတို့ကိုယ်တိုင်အပြင် တူ၊ တူမများ၊ သူနှင့် အရင်းနှီးဆုံးပေါင်းသင်းကြသော မိတ်ဆွေသူငယ်ချင်းများ၏ ပြောကြားချက်အရ အသက် ၅၀ နှင့် သေဆုံးရသည့် ကိုဘသက်၏ ကောက်ကြောင်းကို ကျွန်တော်ရေးဆွဲလို့ ရသွားသည်။

ကိုဘသက်တစ်ယောက် အစားအသောက် မဆင်ခြင်ရာကဖြစ်သည့် ကင်ဆာရောဂါကြောင့် ဆုံးပါးရခြင်းဖြစ်သည်။ "အစုံစား သတ္တဝါကြီး" ဟု ကိုဘသက်ကို သူ့ကွယ်ရာတွင် ခေါ်ဆိုကြကြောင်း သိခဲ့ရသည်။

နံနက်လင်းသည်နှင့် ရပ်ကွက်အတွင်းရှိ မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ဆိုင်တွင် မုန့်ဟင်းခါးတစ်ပွဲ၊ နှစ်ပွဲကို ကိုဘသက်စားသည်။ သူ့ကို အိမ်မှာချက်ပေးမည်၊ ပြင်ပဆိုင်များမှ ရောင်းချသော မုန့်ဟင်းခါးမှာ တချို့က တာရှည်အထားခံရန် ဖော်မလင်များ အသုံးပြုတတ်သဖြင့် ရေရှည်စားဖို့မသင့်ဟု မိသားစုက ပြောသော်လည်း "သေတော့ ဖော်မလင်သုံးဖို့ မလိုတော့ဘူး ပေါ့ကွာ။ အခုကြိုပြီး မပုပ်မသိုးအောင် လုပ်ထားပြီး သားဖြစ်သွားတာပေါ့ကွာ" ဟု ဘုကန့်လန့်ပြန်ပြောတတ်သည်။ ဆိုင်တစ်ဆိုင်တည်းကိုလည်း စွဲမြဲစားသည် မဟုတ်။ ရပ်တကာလှည့်ပြီး စားနေခြင်းဖြစ်သည်။

ပြီးလျှင် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်တွင် သူထိုင်မည်။ လက်ဖက်ရည်၊ ကော်ဖီမစ် တစ်မျိုးမျိုးကို သောက်ပြီး လေကန်မည်။ စာစောင်တွေဖတ်ပြီး ကဏ္ဍပေါင်းစုံတွင် သူသိ၊ သူတတ်လုပ်မည်။ အငြင်းအခုန်ဖြစ်၍ သူရှုံးလျှင် ရှုံးရှုံးရှဲရှဲဖြင့် အိမ်စောစောပြန်လာမည်။ ခေတ်လူငယ်တွေ လူကြီးသူကြီးမှန်း မသိဘူးတို့၊ ရွယ်တူဆိုလျှင် ငါ့လောက် စာမဖတ်ဘဲနဲ့ တတ်ယောင်ကားလုပ်တယ်တို့ဖြင့် ငြိုးက ပြန်ပြဲပြီး ဗျစ်တောက် ဗျစ်တောက် သူလုပ်မည်။

ကိုဘသက်စားသည့် နေ့လယ်စာ၊ ညနေစာများတွင် မပါမဖြစ်က ငါးပိရည်ဖြစ်သည်။ ငါးပိရည်ကို ချဉ်ရည်ဟင်းကဲ့သို့ ခပ်ရွှဲရွှဲဆမ်းပြီး အသီးအရွက်အစုံကို အတို့အမြုပ်လုပ်ကာ စားမည်။ အသီးအရွက်အစုံကလည်း သူ့ဘာသာ ဟိုဈေး၊ ဒီဈေးသွားပြီး ကိုယ်တိုင်ဝယ်ခြမ်းလာခြင်းဖြစ်သည်။ တစ်ခါတစ်ရံ စိုက်ခင်းများသို့ ရောက်သွားပြီး ဝယ်လာတတ်သေးသည်။

အိမ်က မိသားစုက ဟင်းသီးဟင်းရွက်များကို ရေသေချာဆေးကြောရန် လိုသည်၊ ဆားရည်နှင့် စိမ်ပြီးဆေးပေးမည်ဟု ဘယ်လောက်ပင်ပြောပြော "ပိုးသတ်ဆေးလောက်ကတော့ ငါက ပြီးပြီးသား၊ ငါက ဆေးမတိုးတော့ဘူး" ဟု ကိုဘသက် ပြန်ပြောတတ်သည်။

ခပ်ပေပေ၊ ခပ်တေတေ ကိုဘသက်က ညနေဆို အကြော်ဆိုင် ထိုင်ချင်ထိုင်မည်။ လက်ဖက်နှင့်ထမင်းတွဲရောင်းသည့်ဆိုင် ထိုင်ချင်ထိုင်မည်။ အပေါင်းအသင်းကောင်းလျှင် အရက်ဆိုင်ထိုင်မည်။ ဆီသန့်သလား၊ ဆိုးဆေးသုံးသလားသူမသိ။ အရက်ဆိုလည်း ဘီအီးလည်း သောက်သည်။ ချက်အရက်လည်းမမှု။ ရမ်တို့၊ ဘရန်ဒီတို့၊ ဂျင်တို့ဆိုရင်တော့ နွားငတ်ရေကျပေါ့။

လူပျိုဖြစ်လို့ တော်သေးတာပေါ့လို့။ သူ့လုပ်စာ စားရတဲ့ မိသားစုရှိရင်တော့ ကျန်တဲ့မိသားစု ဒုက္ခရောက်မယ်လို့ ဆိုသူက ဆိုကြသေးသည်။ မြန်မာနိုင်ငံ၌ ပျမ်းမျှ အသက် အမျိုးသား ၆၄ နှစ်နှင့် အမျိုးသမီး ၆၈ နှစ်ဟု ဖတ်ရဖူးသည်။ ကိုဘသက်လို မဆင်မခြင်နေသူကတော့ အသက် ၅၀ နှင့်ပင် ဆုံးပါးသွားရချေပြီ။

ကျွန်တော့်ဖခင်နှင့် သိကျွမ်းသူများက ဆရာလေးကော ကျန်းမာရေးကောင်းတယ် မဟုတ်လား၊ အသက် ဘယ်လောက် ရှိသွားပြီလဲဟု သတင်းမေးကြသည်။ ငယ်ငယ်ကတည်းက အရက်မသောက်၊ ဆေးလိပ်မသောက်၊ အစားအသောက်လည်း ဆင်ခြင်သော၊ ပြင်ပအစာတွေ စားကျင့်မလုပ်သော၊ ကိုယ်တိုင်က ကျန်းမာရေးဝန်ထမ်းဖြစ်ခဲ့သဖြင့် ကျန်းမာရေးကို ဂရုစိုက်သော ကျွန်တော့် ဖေဖေအသက် ၈၅ နှစ်ကျော်သွားပြီ ဟု အဖြေပေးတော့ ကျန်တဲ့သူတွေက ဖေဖေ့၏ အနေအထိုင်ဆင်ခြင်မှု၊ ကျန်းမာရေး သတိရှိမှုကို ချီးမွမ်းခန်းဖွင့်ကြသည်။

ကိုဘသက်၏ ရက်လည်ဆွမ်းကျွေးမှ ပြန်လာတော့ ကျွန်တော် လမ်းတစ်လျှောက် တွေးမိသည်။ ကိုဘသက်လို မသိသားဆိုးရွားသူတွေ အရွယ်မတိုင်မီ ကြွေလွင့်ရသဖြင့် နိုင်ငံ့အတွက် ထူးမခြားနားဟု ဆိုနိုင်သော်လည်း နိုင်ငံသားအများစုကို သက်ရှည် ကျန်းမာစွာ လူ့ဘဝရတောင့်ရခဲတွင် အသက်ရှည်ရှည် နေကြရစေလိုသည်။

မိမိတို့နိုင်ငံတွင် အစားအသောက်များ၏ ခြိမ်းခြောက်မှုကို ခံနေရသည်က တော်ရုံတန်ရုံမဟုတ်။ ဟိုတစ်ရက်က စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ အစည်းအဝေးကို တက်ရောက်ခဲ့ရသည်။ ရှင်းလင်းတင်ပြချက်များအရ အန္တရာယ်ကင်းသော အစားအသောက်က မိမိတို့နိုင်ငံတွင် ရှိရောရှိသေးရဲ့လား။ ရှောင်နေရင်ကော မိမိတို့အတွက် စားစရာကျန်မှ ကျန်ပါတော့မလားဟု စဉ်းစားစရာ ဖြစ်လာသည်။

> **အစားအသောက်ကို မထိန်းချုပ်နိုင်၍ ရောဂါရမည်။ ထိုမှ ဆေးရုံ၊ ဆေးခန်းတွင် မိမိဝင်ငွေ၊ နိုင်ငံ့ဘဏ္ဍာငွေမှ ဆေးကုသရမည်။ ထို့အတွက် မိမိဝင်ငွေမှ လျော့နည်း သွား၍၊ မလုံလောက်၍ တရားသဖြင့်ရော၊ မတရားသဖြင့်ပါ ငွေရှာကြမည်။ ထိုမှ ဒုစရိုက်မှုများ၊ လာဘ်ယူလာဘ်တောင်းမှုများ ပိုမိုရဲတင်းလာမည်၊ ပိုမို ထူပြောလာမည်။ လူနေမှုဘဝ မလုံခြုံမှုတွေ ဖြစ်တည်လာမည်။ ထိုမှ ဆက်၍ဆက်၍ ဂျာအေး သူ့အမေရိုက်ဘဝမျိုးမှ ပြည်သူအားလုံး ကင်းလွတ်ကြစေရေးအတွက် အားလုံးပါဝင်ကုစားရန်လို....**

မိမိတို့ ကလေး၊ လူကြီးအားလုံး နေ့စဉ် စားသုံးနေသော လက်ဖက်၊ ငပိ၊ ပဲကြီးလှော်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့်၊ ချိုချဉ်ပြား၊ ကပ်စေးနဲ၊ တုတ်ထိုးချိုချဉ်၊ မျှစ်တို့တွင် ခွင့်မပြုသော ဆိုးဆေးများပါဝင်နေသည်ဟု ဆိုသည်။

လူတန်းစားမရွေး စားသုံးနေကြသည့် ပဲပင်ပေါက်၊ ပဲပြား၊ မုန့်ဟင်းခါး၊ မုန့်ဖတ်၊ ပုစွန်၊ ငါး၊ ကင်းမွန်၊ ဒေသထွက်ကုန်မဟုတ်သည့် အသားငါး၊ ပင်လယ်စာ၊ ပုစွန်၊ ပြည်ကြီးငါးများကို တာရှည်အထားခံရန် ဖော်မလင်များ အများဆုံးအသုံးပြုလျက်ရှိသည်ဟု တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အရ မှတ်မိလိုက်သည်။

စားသောက်ဆိုင်များတွင် အသားငါး၊ ဟင်းသီးဟင်းရွက်များကို တာရှည်ခံရန် ယခင်က ရေခဲရိုက်သော်လည်း ယခု ဖော်မလင်များသုံးကြောင်း၊ ဈေးမှာပဲဝယ်ဝယ်၊ ဆိုင်မှာပဲစားစား တာရှည်ခံဓာတုဆေးများ အသုံးပြုမှုကြောင့် ကျန်းမာရေးအတွက် အန္တရာယ်ရှိကြောင်း ပါဝါပွိုင့်တွင် ဖတ်လိုက်ရသည်။

ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျ သုံးစွဲမှု မရှိသောကြောင့် ဂေါ်ဖီထုပ်ကဲ့သို့ သစ်သီးဝလံများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကျန်ရှိသည်ဟုဆိုသည်။ အချို့နေရာများတွင် ပိုးသတ်ဆေးကြောင့် လူများသေဆုံးသည်အထိ အဆိပ်သင့်မှုဖြစ်ပေါ်လျက်ရှိကြောင်း၊ ဓာတ်မြေသြဇာအရည်အသွေး မမှန်ကန်မှုနှင့် အတုအပများကြောင့် တောင်သူလယ်သမားများ နစ်နာဆုံးရှုံးရကြောင်း၊ မြေဆီလွှာများလည်း ပျက်စီးဆုံးရှုံးရကြောင်း သိခဲ့ရသည်။

အိမ်နီးချင်းနိုင်ငံများမှ အေးခဲကြက်သား၊ ဘဲသား၊ ကြက်အသည်းအမြစ်များ၊ အေးခဲပင်လယ်စာ၊ ပုစွန်ဖြူများကို အအေးခန်းစနစ်ဖြင့် သယ်ယူခြင်းမျိုး မဟုတ်ဘဲ သင့်ရာနည်းဖြင့် တရားမဝင် တင်သွင်းရောင်းချမှုများရှိနေရာ တရားမဝင် အေးခဲသားများတွင် ကြီးထွားစေရန် အသုံးပြုသောဟော်မုန်းအားတိုးဆေးများ ပါဝင်သည့်အတွက် အအေးခန်းစနစ်ဖြင့် သယ်ယူစနစ်မရှိသဖြင့် အပူချိန်ပြောင်းလဲမှုအပေါ် မူတည်၍ ဗက်တီးရီးယား သန်းပေါင်းများစွာ ပေါက်ဖွား၊ ပြန့်ပွားနိုင်သည့် ပြဿနာရှိသည်တဲ့။

ဈေးကွက်အတွင်းရှိ စားသုံးဆီများတွင် မြေပဲဆီ၊ နှမ်းဆီ အမှတ်တံဆိပ်များ ကပ်ထားသော်လည်း နမူနာကောက်ယူစစ်ဆေးရာတွင် စားအုန်းဆီနှင့် အခြားဆီများရောနှောနေသည်ကို တွေ့ရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနက သတင်းစာတွင် ထည့်သွင်းကြေညာခဲ့ရသည်။ စားသုံးရန်မသင့်သော ပြည့်ဝဆီများ၊ စက်မှုသုံးဆီတုံးဆီခဲများ၊ မြောင်းဆီများကို အနံ့ထည့်ခြင်း၊ အရောင်ချွတ်ခြင်း၊ ရောနှောရောင်းချနေခြင်းကို သတိမမူဘဲ ဝယ်စားနေကြဆဲဖြစ်သည်။ ဆီများများစားသုံးသဖြင့် ရောဂါရနိုင်သည့် မြန်မာများ စားသုံးဆီအတုများကြောင့် မြန်မြန် လေဖြတ်၊ နှလုံးသွေးကြောပိတ်၊ ဆီးချို၊ သွေးချိုနှင့် အဝလွန်၊ အသည်းအဆီဖုံး ရောဂါများ ဖြစ်ပွားနေရသည်။

အရည်အသွေးနိမ့်ကုန်စည်များကလည်း မြန်မာနိုင်ငံအတွင်း အတားအဆီးမရှိ ဝင်ရောက်နေသည်။ ထိုနေ့က ရှင်းလင်းတင်ပြနေသည့်အထဲတွင် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေးနိမ့်မှုများ၊ မိုဘိုင်းဖုန်းများ၏ အရည်အသွေး မပြည့်မီမှုများ၊ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အတုအပ ပစ္စည်းများနှင့် အမျိုးသားရေးဆိုင်ရာ အန္တရာယ်များအကြောင်း ပါဝင်သည်။

မြန်မာနိုင်ငံတွင် အဖြစ်များသော ရောဂါများနှင့် သေဆုံးမှုနှုန်းမှာ လူတစ်သိန်းလျှင် နှလုံးနှင့် ဆက်စပ်ရောဂါ အမျိုးသား ၃၃၀၊ အမျိုးသမီး ၃၁၀၊ ကင်ဆာရောဂါ အမျိုးသား ၁၅၀၊ အမျိုးသမီး ၁၀၀၊ နာတာရှည်ရောဂါ အမျိုးသား ၁၁၀၊ အမျိုးသမီး ၁၂၅ ဦး၊ ဆီးချိုသွေးချိုရောဂါ အမျိုးသား ၃၀၊ အမျိုးသမီး ၄၅ ဦးဟု ကြောက်ခမန်းလိလိ တင်ပြချက်ကြောင့် မသိခင်က ခေါင်းချအိပ်ပျော်သော်လည်း ယခု ကိုယ့်မှာရော ဘာရောဂါတွေ ရနေပြီလဲ။ မနက်၊ ည ထလမ်းလျှောက်မှ ဖြစ်တော့မည်။ ကော်ဖီမစ်ထုပ် မသောက်တော့ဘူး။ စားသုံးဆီဝယ်ရင် သေချာဝယ်မှ စသည့် သတိပေးချက်တွေ ပေါ်လာသည်။

မြန်မာနိုင်ငံတွင် အသက် ၃၀ မှ ၇၀ ကြား သေဆုံးမှု ရာခိုင်နှုန်းမှာ နှလုံးနှင့် ဆက်စပ်ရောဂါ ၂၅ ရာခိုင်နှုန်း၊ ကင်ဆာရောဂါ ၁၁ ရာခိုင်နှုန်း၊ နာတာရှည်ရောဂါ ၉ ရာခိုင်နှုန်း၊ ဆီးချို၊ သွေးချို ၃ ရာခိုင်နှုန်း၊ အခြားရောဂါများ ၁၁ ရာခိုင်နှုန်း၊ မွေးကင်းစကလေးနှင့် မိခင်သေဆုံးမှု ၃၀ ရာခိုင်နှုန်း၊ မတော်တဆထိခိုက်သေဆုံးမှု ၁၁ ရာခိုင်နှုန်း ရှိသည်ဟု သိရတော့ အမြန်ဆုံး ဖြေရှင်းဆောင်ရွက်မှ ရတော့မည်ဟု သတိပေး ခေါင်းလောင်းသံ အကျယ်ကြီး မြည်နေလေသည်။

FDA ကလည်း နိုင်ငံတစ်ဝန်း အစားအသောက်များ စံသတ်မှတ်ချက်နှင့်အညီ စစ်ဆေးကြပ်မတ်လျက်ရှိကြောင်း၊ ယခင်ကထက်စာလျှင် အစားအသောက်နှင့် ဆေးဝါးများတွင် တိုးတက်ကောင်းမွန်လာမှုရှိလာကြောင်း သတင်းများအရ သိရသည်။

အစားအသောက်ကို မထိန်းချုပ်နိုင်၍ ရောဂါရမည်။ ထိုမှ ဆေးရုံ၊ ဆေးခန်းတွင် မိမိဝင်ငွေ၊ နိုင်ငံ့ဘဏ္ဍာငွေမှ ဆေးကုသရမည်။ ထို့အတွက် မိမိဝင်ငွေမှ လျော့နည်းသွား၍၊ မလုံလောက်၍ တရားသဖြင့်ရော၊ မတရားသဖြင့်ပါ ငွေရှာကြမည်။ ထိုမှ ဒုစရိုက်မှုများ၊ လာဘ်ယူလာဘ်တောင်းမှုများ ပိုမိုရဲတင်းလာမည်၊ ပိုမို ထူပြောလာမည်။ လူနေမှုဘဝ မလုံခြုံမှုတွေ ဖြစ်တည်လာမည်။ ထိုမှ ဆက်၍ဆက်၍ ဂျာအေး သူ့အမေရိုက်ဘဝမျိုးမှ ပြည်သူအားလုံး ကင်းလွတ်ကြစေရေးအတွက် အားလုံးပါဝင်ကုစားရန် လိုနေသည်။

အစားအသောက်များ ဘေးကင်းလုံခြုံ စိတ်ချရစေရေးအတွက် တာဝန်ရှိသူများက အဓိက ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် အမြန်ဆုံး ပိုမိုကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ပေးကြပါ။ လိုက်နာမှု မရှိသူများကိုလည်း ညှာတာထောက်ထားမနေတော့ဘဲ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားကြပါဟု တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

## မိုးနဲမြို့ နောင်လုံရေထွက်ကန် ရေထွက်အားကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိုးနဲ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုနှင့် နွေရာသီ သောက်သုံးရေအခက်အခဲမရှိစေရေးနှင့် ရေရှားပါးမှုမဖြစ်ပေါ်စေရေးတို့အတွက် မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေလျက်ရှိသော လွိုင်မြေရပ်ကွက် နောင်လုံရေထွက်ကန်အတွင်းရှိ ရေမှော်၊ နုန်းနှင့် ရေထွက်ကန် ပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီက အဆိုပါ ရေထွက်ကန်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် ဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းဝေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်များမှ တပ်မတော်သားများ၊ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်သူရပ်ကွက်သားများ အင်အား ၂၀၀ ခန့် စည်းလုံးညီညွတ်စွာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

❐



# မော်လမြိုင်မြို့ရှိ ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံနှင့် ချောင်းဆုံမြို့နယ်ရှိ ၆၆/၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဖွင့်ပွဲ မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ အတွင်း ကြည့်ရှုစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကျော် ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ဓာတ်အား ခွဲရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)



ချောင်းဆုံဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အား ပို့လွှတ်စဉ်။ (လျှပ်စစ်)



၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းကြိုးဆွဲရန်အတွက် သံလွင်မြစ်အတွင်း ရေယာဉ်များ စီတန်းထားစဉ်။ (လျှပ်စစ်)



၂၃၀ ကေဗွီ မော်လမြိုင် ပင်မဓာတ်အားခွဲရုံအား တွေ့ရစဉ်။ (လျှပ်စစ်)

ပြည်တွင်းရေးရာ

# မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ၆၆/၁၁ ကေဗွီဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ ဖွင့်လှစ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကျော် ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည်ယနေ့မွန်းလွဲပိုင်းက မွန်ပြည်နယ် ချောင်းဆုံမြို့၌ ကျင်းပသည့် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကျော် ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ် နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် မင်းနောင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင်ယခင်၁၉၈၀ ခုနှစ်က မွန်ပြည်နယ်အတွင်း မော်လမြိုင်၊ ငန်းတေး (၁၂) မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှ သီးခြားဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ မွန်ပြည်နယ် ချောင်းဆုံဒေသရှိ ကျေးရွာပေါင်း ၁၁ ရွာတွင် မီးသုံးစွဲသူအိမ်ထောင်စု ၁၇၄၀ ကိုမူ ၅၀၀ ကေဗွီအေ မီးစက် နှစ်လုံးဖြင့် တစ်နေ့လျှင် ၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း။

ချောင်းဆုံဒေသရှိ ပြည်သူလူထုအတွက် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်မှစတင်၍ ဓာတ်အားလိုင်းအူကြောင်း တိုင်းတာခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သံလွင်မြစ်ကျော် Bore Pile Foundation ၅ တိုင် လုပ်ငန်းများအား ၂၀၁၄-၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်သမ္မတ၏ မွန်ပြည်နယ်ခရီးစဉ်တွင် ချောင်းဆုံဒေသ ဓာတ်အားအမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုခဲ့သည့်အတွက် နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလတွင် သံလွင်မြစ်ကျော် Bore Pile များ ပြီးစီးခဲ့ပါကြောင်း။

စီမံကိန်း၏ အခက်ခဲဆုံးအပိုင်းဖြစ်သည့် သံလွင်မြစ်ကျော် တာဝါတိုင်ဆင်ခြင်း၊ လုပ်ငန်းများနှင့် ကြိုးဆွဲခြင်းလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက ဆက်လက်ဆောင်ရွက်ကြရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ၆၆ ကေဗွီ ချောင်းဆုံဓာတ်အားခွဲရုံမှတစ်ဆင့် မီးသုံးစွဲသူ အိမ်ထောင်စု ၁၇၄၀ ကို ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီဖြစ်ပါကြောင်း၊ ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းအတွက် ပစ္စည်းတန်ဖိုးကျပ် ၄၃၇၉ ဒသမ ၇၆၇ သန်းနှင့် တည်ဆောက်ရေးစရိတ်ကျပ် ၇၆၄၄ ဒသမ ၉၂၀ သန်းဖြစ်၍ နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းကျပ် ၁၂၀၂၄ ဒသမ ၆၈၇ သန်း ကုန်ကျခဲ့ပါကြောင်း။

ဘီလူးကျွန်းပေါ်မှ ချောင်းဆုံဒေသတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးနိုင်ခဲ့ပြီဖြစ်၍ လက်မှုပညာလုပ်ငန်းများ သာမက အသေးစားစက်မှု လုပ်ငန်းများ ပိုမိုထွန်းကားလာတော့မည်ဖြစ်ပါကြောင်း။

ယနေ့မြန်မာနိုင်ငံတွင်တည်ဆောက်ပြီးစီးခဲ့သည့် ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံနှင့် ဒီဇယ်ဓာတ်အားပေးစက်ရုံများမှ စုစုပေါင်းစက်တပ်ဆင်အား ၅၂၃၅ မဂ္ဂါဝပ်ဖြင့် ဓာတ်အားထုတ်လုပ်ပြီး ဓာတ်အားစနစ်မှ ထုတ်လုပ်ဖြန့်ဖြူးမှုမှာ ၂၀၁၅ ခုနှစ်အတွင်း အများဆုံး ၂၄၉၇ မဂ္ဂါဝပ်အထိရှိခဲ့ပြီး ၂၀၁၆ ခုနှစ် ယနေ့ဆိုလျှင် ၂၅၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုအနေဖြင့် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးမြင့်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀၈၇၈ သန်းရှိသည့်အနက် ကျန်ရှိနေသေးသည့် လျှပ်စစ်ဓာတ်အားမရသေးသည့် ၆၆ ရာခိုင်နှုန်းသော အိမ်ထောင်စုပေါင်း ၇ ဒသမ ၁၇၈ သန်းကို ဓာတ်အားဆက်သွယ်ဖြန့်ဖြူးပေးနိုင်ရန် ယခုထက်သုံးဆ ကြိုးပမ်းဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးရေးစီမံချက်အရ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ၄၅၃၁ မဂ္ဂါဝပ်၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင်၈၁၂၂မဂ္ဂါဝပ်၊ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် ၁၄၅၄၂ မဂ္ဂါဝပ် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရန်အတွက် ၆၆/၁၁ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံပြည်သူ ဦးညွှန့်ဝင်းက လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဘက်စုံပညာထူးချွန်လူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီ လူငယ်တို့က ၆၆/၁၁ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၆၆/၁၁ ကေဗွီ ချောင်းဆုံဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က နိုင်ငံတော်သမ္မတထံ အမှတ်တရလက်ဆောင် ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



ဘက်စုံပညာထူးချွန်လူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီလူငယ်တို့က ၆၆/၁၁ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပြည်တွင်းရေးရာ

# မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးညဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးမောင်မြင့်၊ ဦးကျော်လွင်၊ ဦးအေးမြင့်၊ ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့၌ ကျင်းပသည့် မြန်မာ့အလင်းရောင်ကုမ္ပဏီလီမိတက်၏ ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ် အပူသုံးဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မင်းနောင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်သုံးစွဲလျက်ရှိသော နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ ကျောက်မီးသွေး စသည့် တွင်းထွက်လောင်စာများကို အသုံးပြုပြီး ဓာတ်အားထုတ်လုပ်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သည့် ရေအား၊ လေအား၊ နေအားများကို အသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်းအပြင် အခြားဇီဝနှင့် စွန့်ပစ်ပစ္စည်းလောင်စာတို့မှ ဓာတ်အားထုတ်လုပ်နိုင်ခြင်း စသည်ဖြင့် နည်းလမ်းအသွယ်သွယ်ကိုအသုံးပြုပြီး ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဓာတ်ငွေ့ကိုအသုံးပြုပြီး ဓာတ်အားထုတ်လုပ်နိုင်မည့် စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင်လည်း ၂၀၁၁ ခုနှစ်တွင် နိုင်ငံပိုင်သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၀ ရုံ (တပ်ဆင်အင်အား ၇၁၅ မဂ္ဂါဝပ်) မှ ၂၇၀ မဂ္ဂါဝပ်သာ ထုတ်လုပ်ပေးနိုင်ခဲ့ပါကြောင်း။

အစိုးရသစ်တက်လာပြီးနောက်ပိုင်း ဓာတ်အားပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၂ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး လှော်ကား၊ ရွာမ၊ အလုံနှင့် သာကေတတို့တွင် ပုဂ္ဂလိကပိုင် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ခြင်း (Independent Power Producer-IPP)စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ရန် ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းလုပ်ငန်းကိုစတင်ခဲ့ပြီး ၂၀၁၃ ခုနှစ်နွေရာသီတွင် နိုင်ငံတော်ဓာတ်အားစနစ်သို့ ၂၂၀ မဂ္ဂါဝပ် တိုးမြှင့် ဓာတ်အားထုတ်လုပ်ပေးနိုင်ခဲ့သည့်အတွက် ပြည်သူများဓာတ်အားပြတ်တောက်မှုမရှိဘဲ ၂၄ နာရီပြည့်ဝစွာ ဓာတ်အား ထုတ်လုပ်သုံးစွဲနိုင်ခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ကြိုတင်စီမံခဲ့သည့် မော်လမြိုင် IPP ဓာတ်အားပေးစက်ရုံနှင့် ကျောက်ဆည် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက်များ ငှားရမ်းတည်ဆောက်ထုတ်လုပ်မှုမှ ၁၃၃ မဂ္ဂါဝပ်နှင့် ထိုင်းနိုင်ငံမှ ဓာတ်ငွေ့ တာဘိုင်စက်နှစ်လုံးမှ ထုတ်လုပ်မှု ၁၄၀ မဂ္ဂါဝပ် စုစုပေါင်း ၂၇၃ မဂ္ဂါဝပ်ဖြင့် ဓာတ်အားစနစ်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် ကျောက်ဖြူနှင့် မြင်းခြံဒေသတို့တွင် သဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက်များ ငှားရမ်းတည်ဆောက်မှုမှ ထုတ်လုပ်မှု ၁၃၅ မဂ္ဂါဝပ်နှင့် ယခုမော်လမြိုင် ဓာတ်ငွေ့တာဘိုင်၏ ဒုတိယအဆင့်မှထုတ်လုပ်မှု ၇၀ မဂ္ဂါဝပ် စုစုပေါင်း ၂၀၅ မဂ္ဂါဝပ်ဖြင့် နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့ပါကြောင်း။

ယခု ၂၀၁၆ ခုနှစ်အတွက်လည်း ကျောက်ဖြူနှင့် မြင်းခြံဒေသတို့တွင် ဓာတ်ငွေ့အင်ဂျင်စက် ငှားရမ်း၍ တည်ဆောက်မှုမှ ၁၈၀ မဂ္ဂါဝပ်နှင့် မော်လမြိုင် ဓာတ်အားပေးစက်ရုံ၏ ရေနွေးငွေ့တာဘိုင်စက် နှစ်လုံးမှ ထုတ်လုပ်မှု ၆၀ မဂ္ဂါဝပ် စုစုပေါင်း ၂၄၀ မဂ္ဂါဝပ်ဖြင့် ထပ်မံဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း။

ထို့ကြောင့် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ၂၀၁၁ ခုနှစ်တွင် စက်ရုံ ၁၀ ရုံ၊ တပ်ဆင်အားအနေဖြင့် ၇၁၅ မဂ္ဂါဝပ်ရှိပြီး ဓာတ်အားထုတ်လုပ်မှု ၂၇၀ မဂ္ဂါဝပ်သာရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် နှစ်ရပ်ပေါင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စုစုပေါင်း ၂၀ အထိ တိုးတက်လာပြီး တပ်ဆင်အင်အား ၂၄၀၃ မဂ္ဂါဝပ်နှင့် ၁၂၁၀ မဂ္ဂါဝပ်အထိ တိုးမြှင့်ဓာတ်အားထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာ့အလင်းရောင်ကုမ္ပဏီဥက္ကဋ္ဌ ဦးစိန်ဝမ်းက စက်ရုံတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူ ဦးအောင်မင်းက လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဘက်စုံပညာထူးချွန်လူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီလူငယ်တို့က ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ Control Room အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြန်မာ့အလင်းရောင်ကုမ္ပဏီလီမိတက်ရုံး အစည်းအဝေးခန်းမသို့ရောက်ရှိရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးစားဆောင်ရွက်နေမှု ဗီဒီယိုမှတ်တမ်းအား ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# ဥတိုတံတားအား နှစ်လမ်းသွားတံတားအဖြစ် ပြန်လည်တည်ဆောက်

**ပုသိမ် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာကျေးရွာနှင့် ချောင်းသာအပန်းဖြေစခန်း၏ အဓိကဝင်ပေါက်ဖြစ်သော ဥတိုတံတားအား နှစ်လမ်းသွား သံမဏိသံပေါင် ဘေလီတံတားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေး အထူးအဖွဲ့(၅)မှ ပြန်လည်တည်ဆောက်လျက်ရှိပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် တံတားအခန်းကိုးခန်းအနက် ငါးခန်းကို ခင်းကျင်း ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးအေးမြင့်ထံမှ သိရသည်။



အဆိုပါ တံတားသည် အရှည်ပေ ၉၀၀ နှင့် ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိပြီး မတ်လအတွင်း တံတားတည်ဆောက်မှုလုပ်ငန်းများ ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဥတိုတံတားဟောင်းကို တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၃)မှ ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဖွင့်လှစ်ခဲ့သော ဘေလီတံတားဖြစ်သည်။

ထိုတံတားဟောင်းမှာ ယာဉ်တစ်စီးချင်းသာသွားလာနိုင်ပြီး ၁၅ နှစ်တာကာလအတွင်း ခံနိုင်ဝန်ထက် ပိုမိုများပြားသောယာဉ်ကြီးများ ဝင်ထွက်ဖြတ်သန်းသွားလာကြခြင်းကြောင့် တံတားကြံ့ခိုင်မှု လျော့နည်းလာသဖြင့် ဇန်နဝါရီ ၁၈ ရက်တွင် နှစ်လမ်းသွား သံမဏိသံပေါင် ဘေလီတံတားအဖြစ် ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခင်မောင်မြင့်)**

ဝဝ



**မိတ္ထီလာမြို့ ရှောင်လမ်းတွင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်**

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၀**

မိတ္ထီလာမြို့ရှောင်လမ်း ၁၄ မိုင် ၄ ဖာလုံအနက် ယုဇနကုမ္ပဏီက တာဝန်ယူဖောက်လုပ်သည့် ခရီးမိုင် ၅ မိုင် ၂ ဖာလုံအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး လက်ရှိဖောက်လုပ်ပြီးစီးသည့် မြေသားလမ်းပေါ်မှ မော်တော်ယာဉ်ငယ်များကို ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားကြောင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌထံမှ သိရသည်။

“မိတ္ထီလာမြို့ရှောင်လမ်းမှာ သပြေဝတိုးဂိတ်အနီးကနေ မြာရေဝေကျေးရွာလမ်းဆုံအနီးအထိ ၁၄ မိုင် ၄ ဖာလုံ အနက် သော်တာဝင်းကုမ္ပဏီက ၉ မိုင် ၂ ဖာလုံ၊ ယုဇနကုမ္ပဏီက ၅ မိုင် ၂ ဖာလုံ တာဝန်ယူဖောက်လုပ်ထားပြီး လက်ရှိအခြေအနေမှာ မြေသားလမ်း ၁၄ မိုင် ၄ ဖာလုံ ပြီးစီးအောင်ဖောက်လုပ်ပြီးစီးသွားတာမို့ မော်တော်ယာဉ်ငယ်တွေကို ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားပါတယ်။

ကုန်တင်မော်တော်ယာဉ်ကြီးတွေကိုတော့ လမ်းပိုင်းမှာ ပါဝင်တည်ဆောက်ထားတဲ့ ကွန်ဘတ် (ရေကျော်မြောင်းကူး ပြွန်လုံးတပ်ဆင်ထားသည့်နေရာ)တွေ သတ်မှတ်ကာလအတွင်း မရောက်ရှိသေးတာမို့ လောလောဆယ်ဖြတ်သန်းမောင်းနှင်ခွင့် မပြုသေးပါဘူး။ ယုဇနကုမ္ပဏီ တာဝန်ယူဖောက်လုပ်တဲ့ ပျဉ်သာကျေးရွာအနီးကနေ မြာရေဝေကျေးရွာလမ်းဆုံအနီးအထိ ၅ မိုင် ၂ ဖာလုံ လမ်းပိုင်းကို လက်ရှိမှာ နှစ်လမ်းသွား ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေပါတယ်။ ကျန်တဲ့ ၉ မိုင် ၂ ဖာလုံ ခရီးကိုလည်း သော်တာဝင်းကုမ္ပဏီက ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်နေတယ်။ မြို့ရှောင်လမ်းကို လေးလမ်းသွားအထိ တိုးချဲ့ဖောက်လုပ်ဖို့ရှိတာမို့ ရေရှည်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်”ဟု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်လင်းက ပြောသည်။

မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်ပြီးစီးသွားပါက မိတ္ထီလာမြို့တွင်းလမ်းများပျက်စီးမှုလျော့နည်းခြင်း၊ ယာဉ်ကြောရှုပ်ထွေးမှု လျော့နည်းသက်သာပြီး ယာဉ်အန္တရာယ် ပိုမိုကင်းရှင်းခြင်းများအပြင် မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ဖြတ်သန်းသွားသည့် မိတ္ထီလာနှင့် သာစည်မြို့နယ်နှစ်မြို့အတွင်းမှ ကျေးရွာပေါင်း ၂၀ ကျော်သည်လည်း ယခင်ထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# သာစည်မြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုဒဏ်ကြောင့် ရပ်ကွက်/ကျေးရွာအချို့တွင် သောက်သုံးရေပြတ်လပ်ခဲ့ပါက ဇေယျသုခရေလှူအသင်းကြီးမှ အခမဲ့ ရေဖြန့်ဝေပေးမည်

**သာစည် ဖေဖော်ဝါရီ ၂၀**

မိတ္ထီလာခရိုင် သာစည်မြို့နယ်သည် မန္တလေးတိုင်းဒေသကြီး အပူပိုင်းဇုန်အတွင်းတည်ရှိသဖြင့် ယခုနှစ် အယ်လ်နီညိုရာသီဥတုဒဏ်ကြောင့် မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအချို့တွင် သောက်သုံးရေပြတ်လပ်မှု အခက်အခဲကြုံတွေ့လာပါက ဇေယျသုခရေလှူအသင်းကြီးက မြို့ပေါ်ရှိရေစက်ပိုင်ရှင်များထံမှ ရေအလှူခံ၍မြို့နှင့် ဝေးလံသည့် ကျေးရွာများအထိသွားရောက်ကာ ရေအခက်အခဲကိုဖြေရှင်းပေးသွားမည်ဖြစ်ကြောင်းသိရသည်။

“ဇေယျသုခရေလှူအသင်းကြီးကို သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးအတွက် ထိန်းသိမ်းမှုလုပ်ငန်းများကို အထောက်အကူပြုစေရန်၊ ရေအခက်အခဲတွေ့ကြုံနေရသည့် ကျေးရွာပြည်သူတွေ စိတ်နှလုံးချမ်းမြေ့စေရန်၊ မွန်မြတ်တဲ့ရေအလှူကုသိုလ်ပြုလုပ်ငန်းတွေမှာ လူငယ်လူရွယ်တွေ ပါဝင်လာစေရန်၊ ပူနွေးလာတဲ့ကမ္ဘာကြီးနဲ့ တွေ့ကြုံလာရမယ့်ရေအခက်အခဲကို အသိတရားဖြင့် ကြိုတင်တွေးမြင်ဆင်ခြင်ပြီး ကြိုတင်ပြင်ဆင်သင့်တဲ့လုပ်ငန်းတစ်ခုအဖြစ် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်” ဟု အသင်းနာယကတစ်ဦးဖြစ်သူ ဦးဟန်ခင် (စက်မှုလယ်ယာ တိုင်းဦးစီးမှူး-ငြိမ်း)က ပြောသည်။

အဆိုပါဇေယျသုခရေလှူအသင်းကြီးသို့ ကုသိုလ်ပါဝင် လှူဒါန်းလိုပါက ဦးဟန်ခင် ဖုန်း ၀၉-၄၃၀၀၇၂၃၃၊ ဒေါက်တာတင်မောင်အေး ဖုန်း ၀၉-၇၉၅၇၈၀၅၈၂၊ ဦးသက်နိုင် ဖုန်း ၀၉-၂၂၅၁၆၅ နှင့် ဦးဘဇံ ဖုန်း ၀၉-၂၂၂၅၇၇၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်ကို (သာစည်)**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်**

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန်နှိုးဆော်အပ်ပါသည်။

**(ကျန်းမာရေးဝန်ကြီးဌာန)**

# အင်းလေးကန်အနီးရှိ ကျေးရွာဒေသခံများ ဖောင်ကြီးတိုက်နယ်ရှိ ဝါးပျိုးဥယျာဉ်လေ့လာ

**လှည်းကူး ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးကန်ဝန်းကျင်ရှိ လက်မောင်းကွေးကျေးရွာအုပ်စု ရွာခြောက်ရွာမှ ဒေသခံရွာသူ ရွာသား ၂၃ ဦးသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖောင်ကြီးတိုက်နယ် တောင်ထပ်ကျေးရွာရှိ ဝါးပျိုးဥယျာဉ်သို့ လာရောက်ပြီး လေ့လာခဲ့သည်။

ဝါးပျိုးဥယျာဉ်တွင် တာဝန်ရှိသူများက ဝါးအသုံးပြုပုံ၊ အလွယ်တကူ အချိန်တိုအတွင်း ဝါးပျိုးပုံ၊ စိုက်ပျိုးနည်းနှင့် ခုတ်ထွင်နည်းများအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

လက်မောင်းကွေးကျေးရွာသည် သွားလာရေးခက်ခဲခြင်း၊ ရေရှားပါးခြင်းတို့ကြောင့် မိုးရာသီတွင် ချင်းနှင့်တောင်ယာစပါးကိုသာ စိုက်ပျိုးကြသည်။ မိသားစု တစ်ပိုင်တစ်နိုင် ဝင်ငွေတိုးတက်ရရှိစေရန်နှင့် အင်းလေးကန်စိမ်းလန်းစိုပြည်ရေးအထောက်အကူပြုရေးအတွက် ကျေးရွာရေရရှိရန် NGO အဖွဲ့အစည်းဖြစ်သော Myanmar Intigrated Development က ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



## ပြည်တွင်းရေးရာ

❒ ကျောဖုံးမှ

မြန်မာ့မီးရထားပိုင်မြေ ၉ ဒသမ ၃၇ ဧကကို ကြယ်ငါးပွင့်ဟိုတယ်အဖြစ် ငှားရမ်းရာတွင် မြန်မာ့မီးရထားနှင့် မီးရထား အင်တာနေရှင်နယ်ဟိုတယ်လီမိတက်တို့ ၁၉၉၃ ခုနှစ် ဩဂုတ် ၁၄ ရက်က BOT စနစ်ဖြင့် စာချုပ်ချုပ်ဆို ငှားရမ်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ရာမှ နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး လုပ်ငန်းများ ဆက်လက်လုပ်ကိုင်သွားရန် မီးရထားအင်တာနေရှင်နယ်ဟိုတယ်လီမိတက်နှင့် Framework Agreement ရေးထိုးဆောင်ရွက်ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ထိုသို့ ဆက်လက်ဆောင်ရွက်စေခဲ့ရာတွင် မီးရထားအင်တာနေရှင်နယ်ဟိုတယ်လီမိတက်၏ ရှယ်ယာဝင်များဖြစ်သည့် FMI, YOMA Strategic Peninsula တို့အပြင် အခြားနိုင်ငံခြားကုမ္ပဏီများမှလည်း ပါဝင်မည်ဖြစ်ပြီး JV အဖြစ် ထူထောင်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့မီးရထားနဲ့ မီးရထားအင်တာနေရှင်နယ်ဟိုတယ်လီမိတက်တို့ ချုပ်ဆိုတဲ့ Framework Agreement ပဲဖြစ်ပါတယ်။ FMI, YOMA Strategic Peninsula တို့အပြင် အခြားနိုင်ငံခြားကုမ္ပဏီတွေပါဝင်တဲ့ JV အဖြစ်လုပ်ဆောင်သွားမှာပါ" ဟု မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ ဦးနေမျိုးအေးက ပြောသည်။

၁၉၉၃ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် BOT စနစ်ဖြင့် နှစ် ၃၀ ငှားရမ်းစာချုပ်ချုပ်ဆိုခဲ့ပြီး မူလစာချုပ်တွင် ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ မြေငှားသက်တမ်းကို နှစ် ၃၀ ခွင့်ပြုထားရာမှ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၁၉၉၈ ဇန်နဝါရီ ၁ ရက်မှစ၍ မြေငှားသက်တမ်းကို နှစ် ၅၀ တိုးမြှင့်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားရုံးဟောင်းကို ရှေးမူမပျက်ထိန်းသိမ်းပြီး နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ်အဖြစ် ပြောင်းလဲတည်ဆောက်ရေးလုပ်ငန်းနှင့်အတူ လူနေတိုက်ခန်းများ၊ ရုံးခန်းများ၊ ယာဉ်ရပ်နားစခန်းများ၊ ဈေးဝယ်ရန်နေရာများ၊ ပြည်သူများအပန်းဖြေနေရာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

# ဟိုပိတ်အနီး၌ ပေါက်ကွဲမှုဖြစ်ပွား



**လားရှိုး ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအနီးတွင် ဖေဖော်ဝါရီ ၁၉ ရက် ည ၁၀ နာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၉ ရက် ည ၁၀ နာရီခွဲခန့်တွင် ဦးဝင်းအောင်ဌေး မောင်းနှင်သော 6C/---- အားသစ်မှန်လုံအမြန်ယာဉ်၊ ဦးဝင်းမြင့်သူ မောင်းနှင်သော 7H/---- ၁၂ ဘီးကုန်တင်ယာဉ်၊ ဦးမင်းအောင် မောင်းနှင်သော ၆ခ/---- ရွှေပြည့်စုံမှန်လုံအမြန်ယာဉ် သုံးစီးတို့သည် မူဆယ်မှ လားရှိုးဘက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၁၈၄/၆)နှင့် (၁၈၅/၀)ကြား ကုန်းဆင်းအရောက်တွင် လမ်း၏ ယာဘက်တောင်ကြောပေါ်မှ (ပစ်ခတ်သည်ဟုယူဆရသော) လက်နက်ကြီးကျည် နှစ်လုံး ကတ္တရာလမ်းနှင့် မြေသားလမ်းအစပ်တွင် ကျရောက်ပေါက်ကွဲရာမှ ကျော်လှ(၃၁)နှစ် အုန်းချောရွာဟောင်း မိုးမိတ်မြို့နယ်နေသူ၏ အောက်မေးစေ့ပေါက်ပြဲဒဏ်ရာ (မစိုးရိမ်ရ)နှင့် မင်းအောင် (၃၃) နှစ်(ယာဉ်မောင်း) ဗိုလ်မြတ်ထွန်းရပ်ကွက် ပြင်ဦးလွင်မြို့နေသူ၏ လည်ပင်းယာဘက် မိုင်းစထိမှန်ဒဏ်ရာ (မစိုးရိမ်ရ) နှစ်ဦးနှင့် အားသစ်ခရီးသည်တင် မှန်လုံယာဉ်နောက်လိုက်ဖြစ်သူ ညီညီနိုင် (၁၉)နှစ် ကံသာ(၁)ရပ်ကွက် ညောင်ရွှေမြို့နေသူ၏ ယာမျက်စိအောက်နှာတံအနီး မိုင်းစထိမှန်ဒဏ်ရာတစ်ချက် (မစိုးရိမ်ရ)ဖြင့် လားရှိုးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ဆောင်တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် အားသစ်မှန်လုံယာဉ်၏ ရှေ့မှန်ကြေမွ၊ ယာဉ်ဘေးနံရံ မိုင်းစထိမှန်၊ ၁၂ ဘီးကုန်တင်ယာဉ်၏ ရှေ့မှန်ကွဲ၊ လေအိုးပွင့်၊ တာယာသုံးလုံးပွင့်နှင့် ရွှေပြည့်စုံမှန်လုံယာဉ်၏ ရှေ့မှန်ကွဲ၊ ဘီးပေါက်ခဲ့ကြောင်း သိရသည်။**(ဝဲပုံ)**

**ဟန်ဌေး (လားရှိုး)**

■

# ချင်းရွှေဟော်၌ မိုင်းပေါက်ကွဲမှုဖြစ်ပွား



**လားရှိုး ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ချင်းရွှေဟော်၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၀၀ နာရီ ၁၅ မိနစ်က မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချင်းရွှေဟော် အနောက်ဘက် နှစ်မိုင်ခန့်အကွာ ကွမ်းလုံမြို့နယ်အတွင်း ချင်းရွှေဟော်-ကွမ်းလုံသွားကားလမ်း မိုင်တိုင်အမှတ် (၆၄/၄-၅)ကြား (၆ × ၆) ပေခန့်ရှိ ကန့်လန့်ဖြတ်ရေနုတ်မြောင်းအောက်ခြေဝဲ/ယာတွင် ကြီးကြပ်မိုင်းနှစ်လုံးအား ၅ မိနစ်ခြား၍ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၀၀ နာရီ ၁၅ မိနစ်တွင် တစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နံနက် ၀၀ နာရီ မိနစ် ၂၀ ခန့်တွင် တစ်လုံး ထပ်မံပေါက်ကွဲခဲ့ကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုကြောင့် ကားလမ်းမကြီးပေါ် အနံ ၂၄ ပေခန့်၊ အလျား ပေ ၂၀ ခန့်၊ အနက်ခြောက်ပေခန့် မြေသားနှင့် ကတ္တရာများ လန်ထွက်၍ မြေသားများ ကျုံ့ဝင်ပျက်စီးလျက်ရှိကြောင်း **(ယာပုံ)**၊ ဖြစ်စဉ်နေရာအနီး ကားလမ်းမ၏ ဝဲ/ယာ ငါးပေခန့်အတွင်းရှိ ခါတ်တိုင်နှစ်တိုင် အောက်ခြေတွင် ကျိုးပဲ့ပျက်စီးလျက်ရှိကြောင်း၊ ဖြစ်စဉ်နေရာမှ ကားလမ်း၏မြောက်ဘက် မီတာ ၂၀ ခန့်အတွင်း မိုင်းခွဲဖျက်ဆီးရန် စောင့်ကြိုနေရာယူထားသော ခြေရာလက်ရာများ တွေ့ရသည်။

မိုင်းပေါက်ကွဲမှုကြောင့် ကွမ်းလုံ-ချင်းရွှေဟော်ကားလမ်း ယာဉ်အသွားအလာ ခေတ္တပိတ်ထားပြီး တာဝန်ရှိသူများက မြေထိုးစက်တစ်စီးဖြင့် နံနက် ၂ နာရီခွဲခန့်မှစ၍ ယာယီရှောင်ကွင်းလမ်းဖောက်လုပ်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် ယာဉ်များအား လမ်းလွှဲမှုတစ်ဆင့် ဖြတ်သန်းသွားလာစေလျက် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးကိုလည်း ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဟန်ဌေး (လားရှိုး)**

# မြို့ပြလူနေမှုစနစ် ထွန်းကားနေသော်လည်း မုံရွာ၌ မြို့ပြရေထုတ်စနစ်လိုအပ်မှုရှိနေ

**မုံရွာ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သည် မြို့ပြလူနေမှုစနစ် ထွန်းကားနေသည်မှာ မှန်သော်လည်း မြို့ပြ၏ ရေထုတ်မှုစနစ် လိုအပ်နေဆဲဖြစ်ကြောင်း NEPS Consuld Engineering Co.,Ltd. ဒါရိုက်တာ ဦးအောင်ကျော်ဇံက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၌ ကျင်းပသော မုံရွာမြို့ပြ ရေထုတ်စနစ်ကောင်းမွန်ရေး ဆွေးနွေးပွဲတွင် ပြောကြားသည်။

"မုံရွာမြို့ဟာ မြို့ပြလူနေမှုစနစ် ထွန်းကားနေတာမှန်ပေမယ့် ရေထုတ်စနစ်က လုပ်ရမှာတွေ၊ ထိန်းသိမ်းရမှာတွေအများကြီး လိုအပ်နေပါသေးတယ်။ မြို့ထဲမှာ ရေစီးရေလာကောင်းမွန်ဖို့ဆိုရင် အခုဖောက်ထားတဲ့ မြောင်းစနစ်ကို အရင်ပြင်ရမှာဖြစ်သလို နေထိုင်တဲ့လူတွေရဲ့ လွဲမှားနေတဲ့ အမြင်တွေကို ပြင်ပြီး ပူးပေါင်းဆောင်ရွက်တတ်တဲ့ စိတ်နဲ့အတူ နိုင်ငံတကာမြို့ပြ အမြင်ရှိဖို့လိုပါတယ်။ နိုင်ငံတကာ မြို့ပြအမြင်ဆိုတာ လေ့လာမှုသိရှိပြီး သိထားတဲ့အတိုင်းဆောင်ရွက်မှုသာ အောင်မြင်မှာပါ။ မြို့ပြရေထုတ်စနစ်ကို ပီပီပြင်ပြင် လုပ်တော့မယ်ဆိုရင် Master Plan ရှိရပါမယ်။ ဆွဲထားတဲ့ Master Plan အတိုင်း တိတိကျကျနဲ့ ခေတ်ဘယ်လိုပြောင်းပြောင်း Plan ကို မပြောင်းလဲဘဲ ဆောင်ရွက်နိုင်ဖို့က အရေးကြီးပါတယ်။ အရင်ကလုပ်ခဲ့ကြတယ်ဆိုတာ ပြောင်းသွားရင် ဆက်မလုပ်ဘဲပစ်ထားတာမျိုး ဆက်ရှိနေမယ်ဆိုရင်တော့ ငွေကြေးကုန်ကျမှုသာများပြီး အရာမရောက် ဖြစ်နေဦးမှာပါပဲ"ဟု ဦးအောင်ကျော်ဇံက ပြောသည်။

မုံရွာမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် စနစ်ကျသော အစီအမံများနှင့်အလုပ်အကိုင်များ ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန (စစ်ကိုင်းတိုင်းဒေသကြီး)မှ ဦးဆောင်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း ၂၀ ကျော်ကို မြို့ပြ ရေထုတ်စနစ်ကောင်းမွန်စေရန် ဆောင်ရွက်ရန် လျာထားရာ မုံရွာမြို့ပြ ရေထုတ်စနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မုံရွာမြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများနှင့်အတူ မုံရွာမြို့ပြ ရေထုတ်စနစ်ကိုဆောင်ရွက်မည့် NEPS ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်သည်။

"မိုးရွာရင် မုံရွာမှာ များသောအားဖြင့် ရေတင်ကျန်နေတာတွေကို တွေ့နေရတယ်။ အဓိကက မြောင်းစနစ် ညံ့လို့ပါ။ မြောင်းဆိုတာက စီးအောင်လုပ်ဖို့လိုသလို စီးဆင်းတဲ့စနစ်လည်း ကောင်းမှသာ ရေမတင်ဘဲ အကုန်ပြောင်စင်မှာပါ။ အဲဒါကို အကောင်အထည်ဖော်ဖို့ဆိုရင် ငွေရှိရုံ အတတ်ပညာတွေ ပြည့်စုံနေရုံအပြင် ဒေသခံတွေရဲ့ပူးပေါင်းပါဝင်မှု၊ ဝန်ထမ်းတွေရဲ့ စိတ်ဝင်တစား ဆောင်ရွက်မှုတွေဟာ အများကြီး အရေးပါပါတယ်။ မြောင်းတွေသာစနစ်တကျ တည်ဆောက်ပေးထားမယ်ဆိုရင် လူတွေရဲ့ စနစ်ဟာလည်း တစ်ခါတည်း လိုက်ပါပြောင်းလဲလာမယ်လို့ မြင်မိတဲ့အတွက် မုံရွာမြို့ပြ ရေထုတ်စနစ်ကို စတင်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရွှေဝင်းက ပြောသည်။

မုံရွာမြို့၏ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးစနစ် (Strong Water System)ကို အဓိကထား ဆောင်ရွက်ရင်း အညစ်အကြေးစွန့်ပစ်သည့်စနစ်၊ မိုးရေထုတ်စနစ်ကို မြေအောက်ရေအားကောင်းလာအောင် ဆောင်ရွက်သည့်စနစ်နှင့် မီးခိုးထွက်စနစ်များကိုပါ ဆက်လက်ဆောင်ရွက်ရန် ရည်ရွယ်၍ပူးပေါင်းဆောင်ရွက်မှုကိုစတင်ကာ ဆွေးနွေးမှုကို ပဏာမဆောင်ရွက်ပြီး ပူးပေါင်းအဖွဲ့သည် မုံရွာမြို့တွင်း လှည့်လည်တိုင်းတာဆောင်ရွက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် အလှူရှင်များ စုပေါင်းလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၀**

နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် တရုတ်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်များ၏ စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ကြင်းတော်ယန်ဗုဒ္ဓဘာသာဘုရားကျောင်းတွင် ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲသို့ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ရုံး ကောင်စစ်ဝန်ချုပ် MR. Wang က တက်ရောက်အားပေးစကား ပြောကြားပြီး လူမှုအဖွဲ့အစည်းများ ကိုယ်စား ဦးမြင့်နိုင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်ပြီး အလှူငွေများကို နမ့်ဆန်မြို့သို့ ကိုယ်တိုင်သွားရောက်လှူဒါန်းမည့် မန္တလေးရောက်နမ့်ဆန်သားများအဖွဲ့ထံ အလှူငွေများကို တရုတ်လူမှု အဖွဲ့အစည်းများနှင့် အလှူရှင်များက အသီးသီးလွှဲပြောင်းပေးအပ်လှူဒါန်းကြသည်။ နမ့်ဆန်မီးဘေးသင့်ပြည်သူများအတွက် ကြင်းတော်ယန်ဗုဒ္ဓဘာသာဘုရားကျောင်း ပရဟိတအသင်းက ကျပ်သိန်း ၃၀၊ ကြင်းတော်ယန်ဗုဒ္ဓဘာသာ အမျိုးသမီးပရဟိတအသင်းက ကျပ် ၁၀ သိန်း၊ မြန်မာပြည်ဖွားတရုတ်ကုန်သည်များအသင်း (အထက်မြန်မာပြည်)က ကျပ်သိန်း ၃၀၊ တရုတ်ပြည်မှ လုပ်ငန်းရှင်နှင့် ကုန်သည်များအသင်းက ကျပ်သိန်း ၃၀၊ Oversea Chinese Service Centre က ကျပ် ၁၀ သိန်းနှင့် စေတနာရှင်များက စုပေါင်းလှူဒါန်းကြရာ စုစုပေါင်း ငွေကျပ် ၁၇၃၄၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၀၀၂)**

# နွေရာသီကာလအတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေ စနစ်တကျသုံးစွဲနိုင်ရေး အသိပညာပေးဆွေးနွေး

**ညောင်ဦး ဖေဖော်ဝါရီ ၂၀**

ပူပြင်းခြောက်သွေ့သော အယ်လ်နီညိုရာသီဥတုဒဏ် ရိုက်ခတ်မှုဖြစ်ပေါ်လာပါက သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်သွားနိုင်သဖြင့် စိုက်ပျိုးရေနှင့် သောက်သုံးရေ စနစ်တကျသိုလှောင်သုံးစွဲနိုင်ရေးနှင့် စိုက်ပျိုးသင့်သော သီးနှံအမျိုးအစားများအကြောင်း ရှင်းလင်းအသိပေး ဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်က ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင် စိုက်ပျိုးပညာပေးရေးစခန်း၌ ပြုလုပ်ခဲ့ရာ ကန်တောကျေးရွာနှင့် အုန်နဲ့ချောင်းကျေးရွာမှ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စုပေါင်းပျိုးထောင်ခြင်းဖြင့် စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ရေကော်မတီများ၏ ကြီးကြပ်မှုဖြင့် ရေချွေတာသုံးစွဲရန်၊ သက်တမ်းတိုစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရန်၊ နွေသီးနှံ ပဲတီစိမ်းမျိုးများ စိုက်ပျိုးပါက မိုဇေ့ရောဂါဒဏ်ခံနိုင်ရည်ရှိသော ရေဆင်း (၁၄)၊ ရေဆင်း (၁၁)မျိုးများကို ရွေးချယ်၍ စိုက်စနစ်မှန်ကန်စွာစိုက်ပျိုးကြရန်တို့ကို ပညာပေးဆွေးနွေးခဲ့ပြီး တောင်သူများက သိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးရီက ရှင်းလင်းဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများမှ အမ်မာဝပ်ဆန် တစ်နှစ်ခန့်အနားယူမည်



ကလေးလူကြီးမရွေး နှစ်သက်အားပေးကြသည့် ဟောလိဝုဒ်ရဲ့ အရှည်ကြာဆုံးသော ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ "Harry Potter"ရုပ်ရှင်တွေမှာ ကလေးသရုပ်ဆောင်အဖြစ်စတင်သရုပ်ဆောင်ခဲ့ရင်း လတ်တလောမှာ ဟောလိဝုဒ်ရဲ့ နာမည်ကျော်တစ်ဦးအဖြစ် ရပ်တည်နေတဲ့မင်းသမီး အမ်မာဝပ်ဆန်က သူ့အနေဖြင့် ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများကို တစ်နှစ်ခန့်အနားယူမည်ဖြစ်ကြောင်း Paper မဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ပြောကြားခဲ့တာကို အမ်တီဗွီနယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မင်းသမီးက သူဟာ ယခုနှစ်အတွင်းမှ စတင်ပြီး ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းတွေကနေ တစ်နှစ်ခန့်အနားယူသွားမှာဖြစ်ကြောင်းနဲ့ ယခုလိုအနားယူရခြင်းအတွက် သူ့မှာရည်ရွယ်ချက်နှစ်ချက်ရှိနေကြောင်းလည်း ဆိုခဲ့ပါတယ်။ ယင်းရည်ရွယ်ချက်နှစ်ချက်အနက် တစ်ချက်ကတော့ သူ့ရဲ့ ပုဂ္ဂိုလ်ရေးတိုးတက်မှုတွေအတွက် လုပ်ဆောင်စရာများရှိနေခြင်းကြောင့် အချိန်ပေးဆောင်ရွက်လိုခြင်းဖြစ်ပြီး အခြားသောရည်ရွယ်ချက်ကိုတော့ ထုတ်ဖော်ပြောကြားသွားခဲ့ခြင်းမရှိပါဘူး။

ဆက်လက်ပြီး ဝပ်ဆန်က "ကျွန်မ ကျား၊ မ စတဲ့မျိုးဗီဇအရ ခွဲခြားဆက်ဆံခံရမှုတွေနဲ့ပတ်သက်ပြီး တစ်နှစ်လောက်လေ့လာဖို့ စိတ်ကူးထားတယ်။ ကျွန်မအခုထိ ပတ်ဝန်းကျင်မှာ တွေ့ကြုံရတာတွေနဲ့ လူတွေနဲ့စကားပြောရင်း၊ စာဖတ်ရင်း လေ့လာခဲ့တာပဲ များနေတယ်။ တကယ်တော့ ကျွန်မစိတ်ဝင်စားတဲ့ လမ်းကြောင်းပေါ်မှာပဲ ဆက်ရှိနေချင်တယ်"လို့ ဖွင့်ဟခဲ့ပါတယ်။

အသက် (၂၅)နှစ်အရွယ်မင်းသမီးက အနားယူနေစဉ်အတွင်းမှာ စာဖတ်ခြင်း၊ လေ့လာခြင်း၊ နားထောင်ခြင်းနဲ့ သူစိတ်ဝင်စားတဲ့ အမျိုးသမီးများနဲ့သက်ဆိုင်တဲ့ လူ့အခွင့်အရေးတွေနဲ့ပတ်သက်ပြီး ပိုမိုလေ့လာသွားဖို့ ရည်ရွယ်ထားကြောင်း ပြောကြားခဲ့ပါတယ်။

❂ ❂ ❂

# မီရှဲလ်ယိုပါဝင်တဲ့ နက်ဖလစ်ဇ်ရဲ့ရုပ်ရှင်သစ် ကြော်ငြာ



တရုတ် နာမည်ကျော်မင်းသမီး မီရှဲလ်ယိုပါဝင်တဲ့ တရုတ်သိုင်းကား "Crouching Tiger, Hidden Dragon: Sword of Destiny" အတွက် ကြော်ငြာရုပ်ရှင်ကို ပြီးခဲ့တဲ့ ကြာသပတေးနေ့က နက်ဖလစ်ဇ်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လွှင့်ခဲ့ကြောင်း ယူပီအိုင်ဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ကြော်ငြာအရ မီရှဲလ်ယိုက ငယ်ရွယ်တက်ကြွတဲ့ မင်းသမီးရှီဇီတန်အား သူတို့အမြတ်တနိုးထားတဲ့ ဓားကို ရန်သူများလာရောက်လုယက်ခြင်းကနေ ကာကွယ်သွားနိုင်ဖို့ သိုင်းပညာတွေ သင်ကြားပေးနေပါတယ်။ ယင်းရုပ်ရှင်သစ်မှာ ယခင်ထွက်ရှိခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေထဲက ဇာတ်ဆောင်တွေအပြင် မင်းသား ဒွန်နီယန်း၊ ဂျက်ဆင်၊ စကော့ထ်လီ၊ ဟယ်ရီရှုန်ဂျူနီယာနဲ့ မင်းသမီး လူလူချန်းတို့ အသစ်ပါဝင်လာကြတာကို တွေ့ရပါတယ်။

၂၀၀၀ပြည့်နှစ်က ထုတ်လွှင့်ခဲ့တဲ့ ယင်းရုပ်ရှင်ဇာတ်လမ်းတွဲတွေထဲက တစ်ခုဖြစ်တဲ့ "Crouching Tiger, Hidden Dragon"ဟာ ရုပ်ရှင်ရိုက်ကူးစရိတ် အမေရိကန်ဒေါ်လာ ၁၇ သန်း ကုန်ကျခဲ့ကာ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁၃ သန်း ရရှိခဲ့ပြီး ဝင်ငွေအရ အလွန်အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်ခဲ့တဲ့အပြင် အနုပညာပိုင်းဆိုင်ရာ၌လည်း ထူးချွန်ဆုအဖြစ် ၂၀၀၁ ခုနှစ် အကယ်ဒမီပေးပွဲကြီးမှာ အကောင်းဆုံးသော နိုင်ငံခြားစကားပြောရုပ်ရှင်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

ရုပ်ရှင်သစ် "Crouching Tiger, Hidden Dragon: Sword of Destiny"မှာ ပျောက်ဆုံးသွားတဲ့ အချစ်၊ နုနယ်တဲ့အချစ်၊ ဒဏ္ဍာရီဓားတစ်လက်နဲ့ မကောင်းမှုတွေကို ဆေးကြောဖို့နောက်ဆုံးရတဲ့အခွင့်အရေးတစ်ခုစတဲ့ ဖြစ်ရပ်တွေကို သိုင်းလောကရဲ့ အနာဂတ်ကိုဖန်တီးကြမယ့် လူကောင်းတွေနဲ့ လူဆိုးတွေကြားက အသက်ရှူရပ်လောက်တဲ့ ထိတ်လန့်ဖွယ် တိုက်ပွဲတွေနဲ့အပြိုင် ခံစားကြရမှာဖြစ်ကာ အဆိုပါရုပ်ရှင်ကို လာမယ့် ဖေဖော်ဝါရီ ၂၆ ရက်မှာ စတင်ပြသသွားမှာဖြစ်ကြောင်း သိရပါတယ်။

# ရုပ်နားခြင်းခံလိုက်ရတဲ့ သယ်ဝိခ်ကန်းဒ်ရဲ့ ဂရမ်မီပါတီ

ပြီးခဲ့တဲ့တနင်္လာနေ့ ညပိုင်းက လော့စ်အန်ဂျလိစ်မှာ ကျင်းပခဲ့တဲ့ ဂရမ်မီဆုပေးပွဲကြီးမှာ အကောင်းဆုံးအာရန်ဘီတေးသီချင်းဆုနဲ့ အကောင်းဆုံးမြို့ပြခေတ်ပြိုင်တေးအယ်လ်ဘမ်ဆုတွေအတွက် ဂရမ်မီဆုနှစ်ဆုကို တစ်ပြိုင်နက်ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ အဆိုတော်သယ်ဝိခ်ကန်းဒ်ရဲ့ ဂရမ်မီပါတီဟာ လော့စ်အန်ဂျလိစ်ရဲတွေရဲ့ ရုပ်နားခြင်းကို ခံခဲ့ရပါတယ်။

ယင်းပါတီကို သယ်ဝိခ်ကန်းဒ်ဟာ ဖေဖော်ဝါရီ ၁၅ရက် ညပိုင်းက လော့စ်အန်ဂျလိစ်မှာရှိတဲ့ သူ့ရဲ့ နေအိမ်မှာပဲ သူ့ရဲ့မွေးနေ့အထိမ်းအမှတ်အဖြစ်ရော၊ ဂရမ်မီဆုရရှိတဲ့ အထိမ်းအမှတ်အဖြစ်ပါ ရည်ရွယ်ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပါတီပွဲကျင်းပတဲ့အသံတွေဟာ ဆူညံလွန်းတဲ့အတွက် ပတ်ဝန်းကျင်အိမ်တွေက တိုင်ကြားခဲ့တာကြောင့် ၁၆ ရက်နံနက် ၁နာရီခွဲခန့်မှာ နယ်မြေခံရဲတွေက ပါတီပွဲကို ရုပ်နားစေခဲ့တာဖြစ်ပါတယ်။

အခြားသော ဟောလိဝုဒ်ရဲ့နာမည်ကျော်တွေဖြစ်ကြတဲ့ ဇန်ဒါယာကိုးလ်မန်း၊ လူးဝစ်တွန်မ်လင်စန်၊ ဂျူစီဂျေ၊ ဒစ်ပလို၊ စကလေးလက်ဇ် စတဲ့ အဆိုတော်ပေါင်းများစွာလည်း ယင်းပါတီပွဲမှာ ပါဝင်ခဲ့ကြပါတယ်။ ယင်းသို့ပါတီပွဲကျင်းပကာ ပတ်ဝန်းကျင်ကို အနှောင့်အယှက် ဖြစ်စေခဲ့သော်လည်း တစ်စုံတစ်ဦးမှ ဖမ်းဆီးခံခဲ့ရခြင်းမရှိကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

**အေးပြည့်-စုစည်းရေးသားသည်**

# "Please Come Back,Mister" ရုပ်ရှင်အတွက် နှစ်လကြာအသံလေ့ကျင့်ခဲ့ရကြောင်း ရိန်းဖွင့်ဟ



တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ အဆိုတော်တစ်ဦးလည်းဖြစ်၊ ထိပ်တန်းမင်းသားတစ်ဦးလည်း ဖြစ်တဲ့ ရိန်းက SBS ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမယ့် သူ့ရဲ့နောက်ဆုံးရိုက်ကူးခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Please Come Back, Mister"ကို အဆင်ပြေပြေရိုက်ကူးနိုင်ရန် ယင်းရုပ်ရှင်မှာပါဝင်တဲ့ စကားပြောတွေအတွက် အသံထွက်လေယူလေသိမ်းကို ရုပ်ရှင်ရဲ့ ရိုက်ကူးရေးမစတင်မီကပင် နှစ်လကြာ အချိန်ပေးလေ့ကျင့်ခဲ့ရကြောင်း ဖွင့်ဟခဲ့သည်ကို စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဖေဖော်ဝါရီ ၁၉ရက်က ပြုလုပ်ခဲ့တဲ့ ယင်းရုပ်ရှင်အတွက် သတင်းစာရှင်းလင်းပွဲမှာ ရိန်းက အဆိုပါရုပ်ရှင်မှာ သူဟာ အခြားသူတစ်ဦးရဲ့ စိတ်နဲ့ရှင်သန်ရတဲ့ ဇာတ်ရုပ်မျိုးသရုပ်ဆောင်ရတာဖြစ်တဲ့အတွက် အသံအနေအထား သဘာဝကျအောင် ယခုကဲ့သို့ နှစ်လခန့်အချိန်ပေးလေ့ကျင့်ခဲ့ရခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

အဆိုပါရုပ်ရှင်တွင် ရိန်းနဲ့အတူ အခြားသော သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ကင်အီကွမ်၊ မင်းသမီး ကင်မ်စိုးရိုနဲ့ အိုယွန်ဆိုတို့က အဓိကပါဝင်သရုပ်ဆောင်ထားကြပြီး ယင်းရုပ်ရှင်ကို တောင်ကိုရီးယားနိုင်ငံမှာ ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်ရုံတင်သွားမည်ဖြစ်ကြောင်း သိရပါတယ်။

# ရုပ်မြင်သံကြားအစီအစဉ်များ
## [၂၁ - ၂ -၂၀၁၆ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | Business News |
| ၈း၃၅ | အောင်မြင်သူနှင့်အတူ (Meet The Successful) |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | ကဗျာရိပ်မြုံ "အကျင့်လုပ်ပါ" |
| ၁၁း၁၅ | "ဇီကာဗိုင်းရပ်စ်အကြောင်း သိကောင်းစရာ" |
| ၁၁း၃၅ | "ပေါင်းစည်းကာဆင်နွှဲ ထမနဲပွဲ" |
| ၁၁း၄၀ | ချစ်သောဤကမ္ဘာမြေ |
| ၁၂း၃၅ | ဆေးရောင်စုံရုပ်ရှင် "ရင်တွင်းစကား" (ဒွေး၊ ဇာဂနာ၊ မေသန်းနု၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်) |
| ၃း၃၅ | Business News |
| ၃း၄၅ | Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဖွဲ့ကပင်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း) |
| ၆း၂၀ | "ကျန်းမာဘဝရစေဖို့ ကာကွယ်ဆေးကို တိုက်ကြစို့" |
| ၆း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၇း၁၅ | ဟိုး . . . တုန်းကရေဒီယို အသံလွှင့်ဇာတ်လမ်းများ "နှလုံးသားမှအဖြေစကား" (ဇာတ်သိမ်း) (ပထမပိုင်း) (ထက်နေချမ်း၊ သာဒိုးအောင်၊ ခိုင်သဇင်၊ ချိုတေးလွင်လွင်၊ A3) (ဒါရိုက်တာ-သီတာလင်း (Laure Art Academy)) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း -Tasty Trip -ဆိုကြမယ်၊ ပျော်ကြမယ် (MRTV 70th Anniversary) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း (အပိုင်း-၂) |
| ၆း၁၅ | မြန်မာဗီဒီယိုဇာတ်လမ်း "ကျွန်တော်နှင့် ပဟေဠိနတ်မယ်" (မင်းမော်ကွန်း၊ အေးမြတ်သူ) (ဒါရိုက်တာ-သားကြီး) |
| ၇း၄၀ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၈း၀၀ | တေးဂီတအစီအစဉ် |
| ၉း၁၀ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၀း၀၀ | မြန်မာရုပ်ရှင်(ဆေးရောင်စုံ) "ရင်ကွဲနာ" (ရန်အောင်၊ မင်းအုပ်စိုး၊ မြတ်ကေသီအောင်၊ ဖူးဖူးမောင်၊ ချစ်စနိုးဦး) (ဒါရိုက်တာ-မင်းအုပ်စိုး) |

မှတ်ချက်

၂၁. ၂. ၂၀၁၆(တနင်္ဂနွေနေ့) ည ၆း၀၀ မှ ၂၂. ၂. ၂၀၁၆(တနင်္လာနေ့) ည ၆း၀၀ အထိ ပြသပါမည်။

ညနေ ၃း၄၅

**100 Plus Stars Cup MFF Beach Soccer Championship 2016** ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၄၀ | "သမ္ဗုဒ္ဓဓာန်ကျင့်စဉ်"တရားတော် [ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒဝရာဘိဝံသ (ကျိုက္ကလော့ဆရာတော်)] |
| ၈း၀၀ | Cartoon Series (Welcome To Sky Ville) |
| ၈း၄၅ | Cartoon View |
| ၉း၁၀ | Weekly Sports Diary |
| ၉း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၈) |
| ၁၁း၀၅ | Star တို့ရဲ့လက်ရာ |
| ၁၁း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၃၃+၃၄) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အမှောင်ဖုံး သွားသောကောင်းကင်ပြာ (အပိုင်း-၁)] |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၉) |
| ၃း၄၀ | ၂၀၁၃ ရောင်စုံအကယ်ဒမီဖက်ရှင်ကမ္ဘာ |
| ၅း၂၅ | Baby On The Way [Singapore (Part-6)] |
| ၅း၄၀ | Premier ချစ်သူများ၏ ရင်ခုန်သံ |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၁၀) |
| ၇း၂၅ | Fashion Week |
| ၇း၅၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အမှောင်ဖုံးသွားသော ကောင်းကင်ပြာ(အပိုင်း-၂)] |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၉) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၃၅+၃၆) |

## mitv

| | |
|---|---|
| 07:26 | Mahar Thakya Atula Man Aung - Nga Htat Kyee |
| 07:42 | Culture Show: Theatrical Art |
| 07:50 | Licuala Palm Leaf |
| 08:26 | Travelogue "To the coastal region" (Myeik - Kawthoung) (Part-1) |
| 08:51 | Beach Food Delivery |
| 09:26 | Yathe Taung Township In A Nut-Shell |
| 09:50 | Egg Shell |
| 10:26 | Insight Myanmar: Women's Participation in the Peace Process |
| 10:52 | Thin Byu Mat |
| 07:26 | A Tour in Korea (Part- 5) |
| 07:43 | Kyaikhteeyoe: Bamboo Guns |
| 07:50 | Today Myanmar: Low Cost Rental Housing Project |
| 08:26 | Writer, Philanthropist: Daw Than Myint Aung (Part-2) |
| 08:47 | Myanmar Masterclass: Artist Pann Kyi |

# နောက်ခံလူ ဝီလ်ကင်ဆန် ဦးခေါင်းဒဏ်ရာကြောင့် ကစားသမားဘဝမှ အနားယူလိုက်ပြီ

စတုတ်စီးတီးနောက်တန်းကစားသမားဟောင်း ဝီလ်ကင်ဆန်သည် ကာလကြာရှည်ခံစားနေရသည့် ဦးခေါင်းဒဏ်ရာပြဿနာကြောင့် ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း အတိအလင်းကြေညာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဝီလ်ကင်ဆန်သည် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီ ၁၄ ရက်က ဘလက်ဘန်းအသင်းနှင့် စတုတ်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် နောက်ဆုံးပွဲထွက်ကစားခဲ့ခြင်းဖြစ်ပြီး ရရှိထားသည့် ဦးခေါင်းဒဏ်ရာသည် ပြင်းထန်သောကြောင့် ဦးနှောက်ပျက်စီးမှုများအထိပင် ဖြစ်လာခဲ့သည်။

ဗဟိုနောက်တန်းကစားသမား ဝီလ်ကင်ဆန်သည် ဦးခေါင်းဒဏ်ရာပြဿနာကြောင့် နောက်ပိုင်းတွင် စိတ်တိုခြင်း၊ စိတ်ဓာတ်ကျခြင်းတို့နှင့် ဆက်စပ်နေသည့် စိတ်ခံစားမှုများပင် ခံစားလာခဲ့ရသည်။ ဝီလ်ကင်ဆန်၏ စာချုပ်သက်တမ်းသည် ပြီးခဲ့သည့်ဘောလုံးရာသီကုန်ကပင် ကုန်ဆုံးခဲ့ပြီဖြစ်ပြီး စတုတ်စီးတီးအသင်းအနေဖြင့် စာချုပ်သက်တမ်းကုန်ချိန်တွင် နောက်ထပ်ခြောက်လစာချုပ်ရန်ကမ်းလှမ်းခဲ့ပြီး ဇန်နဝါရီလအတွင်းက ကုန်ဆုံးခဲ့ခြင်းဖြစ်သည်။

နောက်တန်းကစားသမား ဝီလ်ကင်ဆန်သည် ကစားသမားဘဝတစ်လျှောက်လုံး စတုတ်စီးတီးအသင်းတွင် ကုန်ဆုံးစေခဲ့ပြီး ရှူးဘာရီတောင်း၊ မီဝေါလ်စသည့်အသင်းများတွင်လည်း အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့သူဖြစ်သည်။

ဝီလ်ကင်ဆန်အနေဖြင့် ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်းကို လူမှုမီဒီယာတစ်ခုမှတစ်ဆင့် ဖေဖော်ဝါရီ ၁၉ ရက်တွင် တရားဝင်ကြေညာခဲ့ခြင်းဖြစ်သည်။




"ကစားသမားဘဝကို အဆုံးသတ်ဖို့ မျှော်လင့်ထားတာ မရှိသေးလို့ အနားယူမယ်လို့ကြေညာတဲ့နေ့ဟာ ကျွန်တော့်အတွက် ခက်ခဲတဲ့နေ့တစ်နေ့ဖြစ်ခဲ့ပါတယ်။ ကျွန်တော်ချစ်တဲ့ အားကစားတစ်ခုမှာ နှစ်တွေအများကြီးကစားပြီး ဖြတ်သန်းဖို့ ရည်ရွယ်ခဲ့တာပါ။ ကစားသမားဘဝမှာ စတုတ်စီးတီးအသင်းနဲ့အတူ ၁၅ နှစ်ကြာ အကောင်းဆုံးကစားပေးနိုင်ခဲ့ပါတယ်။ စတုတ်စီးတီးရဲ့ စဉ်ဆက်မပြတ်အထောက်အပံ့ပေးမှုကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ဝီလ်ကင်ဆန်က အနားယူချိန်တွင် ပြောကြားခဲ့သည်။

(ငွေကြယ်)

## ဖေဖော်ဝါရီ ၂၁/၂၂ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

| | | |
|---|---|---|
| **အက်ဖ်အေဖလား (၁၆ သင်းအဆင့်)** | | |
| ဘလက်ဘန်း | ဝက်စ်ဟမ်း | ည-၈း၃၀ |
| စပါး | ခရစ္စတယ် | ည-၉း၃၀ |
| ချယ်လ်ဆီး | မန်စီးတီး | ည-၁၀း၃၀ |
| **စပိန်လာလီဂါ ပွဲစဉ် -၂၅** | | |
| ဗယ်လက်ကာနို | ဆီဗီလာ | ညနေ-၅း၃၀ |
| မာလာဂါ | ရီးယဲလ်မက်ဒရစ် | ည-၉း၃၀ |
| ဘီဘာအို | ဆိုစီဒက် | ည-၁၁း၄၅ |
| ဂရာနာဒါ | ဗလင်စီယာ | ည-၁၁း၄၅ |
| အက်သလက် | ဗီလာရီးယဲလ် | နံနက်-၂း၀၀ |
| **စီးရီးအေ ပွဲစဉ် - ၂၆** | | |
| တိုရီနို | ကာပီ | ည-၈း၃၀ |
| ဆာဆူအိုလို | အမ်ပိုလီ | ည-၈း၃၀ |
| အတ္တလန္တာ | ဖီအိုရင်တီးနား | ည-၈း၃၀ |
| ဂျီနိုအာ | အူဒီးနီးစ | ည-၈း၃၀ |
| ဖရိုဆီနိုနီ | လာဇီယို | ည-၁၁း၃၀ |
| ရိုးမား | ပါလာမို | နံနက်-၂း၁၅ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂၂** | | |
| လေဗာကူဆင် | ဒေါ့မွန် | ည-၉း၀၀ |
| ရှော်ကေး | စတုဂတ် | ည-၁၁း၀၀ |
| ဟန်နိုဗာ | အော့စ်ဘတ် | ည-၁၁း၀၀ |
| **ပြင်သစ်လီဂူး ပွဲစဉ် - ၂၇** | | |
| မာဆေး | စိန့်အက်တီယန် | ည-၇း၃၀ |
| ကာအန် | ရန်းနက်စ် | ည-၁၀း၃၀ |
| လိုင်လီ | လိုင်ယွန် | နံနက်-၂း၃၀ |

မောင်မောင်ဇော်



# ရိုးမားကွင်းလယ်လူ ဒီရော့စီ ခြေသလုံးဒဏ်ရာကြောင့် တစ်လကြာအနားယူရမည်

အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ ကွင်းလယ်ကစားသမား ဒီရော့စီသည် ခြေသလုံးဒဏ်ရာကြောင့် သီတင်းပတ်လေးပတ်ကြာ အနားယူရမည်ဖြစ်ရာ ရိုးမားအသင်းအနေဖြင့် ဒီရော့စီပါဝင်ခြင်းမရှိဘဲ တစ်လကြာဖြတ်သန်းရတော့မည်ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒီရော့စီသည် အလားတူဒဏ်ရာပြဿနာကြောင့် စီးရီးအေပွဲစဉ်နှစ်ပွဲ လွဲချော်ခဲ့သူဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပြိုင်ပွဲတွင်လည်း နောက်ဆုံးပွဲကစားချိန် ၁၃ မိနစ်အလိုရောက်မှပင် ရိုးမားအသင်းနှင့်အတူ ပွဲထွက်ကစားခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် ရိုးမားအသင်းသည် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒီရော့စီသည် ရိုးမားအသင်းနှင့်အတူ ပွဲပေါင်း ၂၅ ပွဲသာပါဝင်ကစားပေးနိုင်ခဲ့ပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ရိုးမားအသင်းသည် စီးရီးအေတွင် လေးပွဲဆက်နိုင်ပွဲရရှိခဲ့ပြီး လာမည့်ချန်ပီယံလိဂ်ပွဲစဉ်တွင် ဒီရော့စီပါဝင်လာရန်မရှိသော်လည်း ဖီအိုရင်တီးနားအသင်းနှင့် ကစားမည့်ပွဲစဉ်တွင် ပါဝင်လာမည်ဟု မျှော်လင့်ထားသည်။

(ငွေကြယ်)

# မန်ယူနည်းပြအဖြစ်မှ ဗန်ဟားလ်နုတ်ထွက်သင့်ဟု မူရန်ပြောကြား

မန်ယူအသင်းနည်းပြဗန်ဟားလ်အနေဖြင့် နည်းပြအဖြစ်မှ နုတ်ထွက်သင့်ကြောင်း မန်ယူကွင်းလယ်ကစားသမားဟောင်းဖြစ်သူ နယ်သာလန်ကစားသမား မူရန်က ၎င်း၏ ယုံကြည်ချက်ကို ဖွင့်ဟပြောကြားခဲ့သည်။

ယင်းသို့ ပြောကြားရခြင်းမှာ မန်ယူအသင်း၏ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပထမအကျော့တွင် မစ်ဂျဲလန်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့ခြင်းကြောင့် နည်းပြဗန်ဟားလ်အပေါ် ဖိအားများတိုးလာခဲ့ခြင်းကြောင့် ဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်၌ ၁၁ ပွဲအထိ ရှုံးပွဲကြုံခဲ့ရပြီး ပရီမီယာလိဂ် အမှတ်ပေးပြိုင်ပွဲ၏ အမှတ်ပေးဇယားတွင်လည်း အဆင့်(၄)နေရာ၌ ရပ်တည်လျက်ရှိသည့် မန်စီးတီးအသင်းနှင့် ခြောက်မှတ်အထိ ကွာဟနေခဲ့သည်။

ထို့ကြောင့် လက်ရှိမန်ယူအသင်းနည်းပြ ဗန်ဟားလ်နေရာတွင် ချယ်လ်ဆီးအသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခြင်းခံလိုက်ရသည့် နည်းပြမော်ရင်ဟိုနှင့် အစားထိုးသွားရန်လည်း သဘောတူညီမှုများရှိလာခဲ့သည်။ မန်ယူအသင်းသည် ငွေကြေးမြောက်မြားစွာအသုံးပြုခဲ့သည့်အပြင် နည်းပြဗန်ဟားလ်အနေဖြင့် ကစားသမားအချို့ကို ရောင်းချခဲ့သည်ကိုလည်း မေ့လျော့မနေသင့်ကြောင်း၊ ဒါ့အပြင် မန်ယူအသင်းသည် အချိန်နှင့်အမျှ ဆုဖလားများရရှိရန်အတွက်သာ ကစားသင့်ကြောင်း မူရန်က ဆက်လက်ပြောကြားခဲ့သည်။

"မန်ယူအသင်းဟာ တည်ငြိမ်မှုရှိတဲ့ အသင်းတစ်သင်းမဟုတ်ဘူး။ ဘောလုံးရာသီတစ်ရာသီတည်းမှာပဲ အပြောင်းအလဲတွေ အများကြီးလုပ်ခဲ့တယ်။ အဲဒါကြောင့် အဆင့်(၄)စာရင်းဝင်ဖို့တောင် အတော်လေးရုန်းကန်နေရတယ်။ အခုလည်း ရလဒ်မကောင်းတာကြောင့် ဗန်ဟားလ်အနေနဲ့ မန်ယူအသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်သင့်တယ်"ဟု မူရန်က ဆိုသည်။

မန်ယူအသင်းနည်းပြ ဗန်ဟားလ်သည် မန်ယူအသင်းအတွက် ရလဒ်ကောင်းများ ဆောင်ကြဉ်းမပေးနိုင်ခဲ့သော်လည်း လာမည့်နွေရာသီကာလအထိ မန်ယူအသင်းနည်းပြအဖြစ် ဆက်ရှိနေမည်ဟု သတင်းများထွက်ပေါ်ထားခဲ့သည်။ သို့ရာတွင် ယူရိုပါလိဂ်တွင် မစ်ဂျဲလန်းအသင်းအား ရှုံးနိမ့်ခဲ့ခြင်းသည် နည်းပြဗန်ဟားလ်၏ အနာဂတ်အစီအစဉ်အတွက် အပြောင်းအလဲတစ်ခုဖြစ်သွားစေခဲ့သည်။

(ငွေကြယ်)



# ဂျူဗင်တပ်အသင်း၏ ၁၅ ပွဲဆက်နိုင်ပွဲဆက်မှု ဘိုလော့နာ ရပ်တန့်နိုင်ခဲ့

အီတလီစီးရီးအေပြိုင်ပွဲ၏ပွဲစဉ်(၂၆)အဖြစ် ဘိုလော့နာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့ ဖေဖော်ဝါရီ ၁၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်း၏ အီတလီစီးရီးအေ ၁၅ ပွဲဆက်နိုင်ပွဲဆက်မှုကို ဘိုလော့နာအသင်းရပ်တန့်နိုင်ခဲ့သည်။

ဂျူဗင်တပ်အသင်းသည် လက်ရှိအီတလီစီးရီးအေ အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၅၈ မှတ်ရရှိထားပြီး အဆင့်(၂)နေရာမှ နာပိုလီအသင်း ပွဲစဉ်(၂၆)မကစားမီအချိန်အထိ နာပိုလီအသင်းကို နှစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားကို ထိပ်ဆုံးမှ ဦးဆောင်ထားနိုင်ခဲ့သည့်အသင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ပွဲစဉ်(၂၆)တွင် ဘိုလော့နာအိမ်ကွင်း၌ အနိုင်ကစားကာ ၎င်းတို့၏ စီးရီးအေပွဲစဉ် ၁၆ ပွဲဆက်နိုင်ပွဲအဖြစ် အောင်ပွဲခံရန်ပစ်မှတ်ထားခဲ့သော်လည်း ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့ပြီး ၁၅ ပွဲဆက်နိုင်ပွဲဖြင့်ပင် ကျေနပ်လိုက်ရသည်။

ယင်းမှာ ရရှိလာသည့် အခွင့်အရေးကောင်းနှစ်ရပ်ကို ဂျူဗင်တပ် ကွင်းလယ်ကစားသမား ပေါ့ဘာ ဖြုန်းတီးပစ်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။

ထို့အတူ ပက်ထရစ်အီဗရာ ရရှိလာခဲ့သည့် ဂိုးကန်သွင်းခွင့်သည်လည်း ဂျူဗင်တပ်အသင်းအတွက် ဦးဆောင်ဂိုးဖြစ်မလာခဲ့ပေ။

ယင်းပွဲစဉ်တွင် ဧည့်သည်အဖြစ် လာရောက်ကစားရသည့် ဂျူဗင်တပ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှု ၆၀ ရာခိုင်နှုန်းအထိရှိခဲ့သည့်အပြင် ထောင့်ကန်ဘော ရှစ်ကြိမ်အထိ ကန်ခွင့်ရရှိခဲ့သည်။

သို့ရာတွင် ဂျူဗင်တပ်အသင်းသည် ရရှိလာသည့် အခွင့်အရေးများကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

(ငွေကြယ်)

# စိုက်ပျိုးရေးဆိုင်ရာပညာပေး ဟောပြောပွဲကျင်းပ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင် ဆည်ရေသောက်ဒေသ ကိုင်းကျေးရွာအုပ်စုတွင် ဆောင်းကုလားပဲ (စံပြကွက်) တောင်သူပညာပေးကွင်းပြကွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီခွဲက တောင်သူ ဦးသာဩ၏ စိုက်ကွက်တွင် ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်နှင့် ကွင်းတာဝန်ခံများက ဆောင်းကုလားပဲသီးနှံ စိုက်ပျိုးသည့်ဧကအလိုက် လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ပိုးမွှားအန္တရာယ်ကင်းအောင် ဆောင်ရွက်ရမည့်နည်းလမ်းများကို တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကိုင်းကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးရှေ့တန်းစခန်းရုံးတွင် အနီးဝန်းကျင် ကျေးရွာများမှ တောင်သူများနှင့် တွေ့ဆုံ၍ ပညာပေးဟောပြောပွဲ ပြုလုပ်ရာ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်က စိုက်ပျိုးရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ယခုနှစ်တွင် အယ်လ်နီညိုရာသီဥတုဒဏ်ကြောင့် နွေရာသီ၌ စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲရှိလာနိုင်ကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ် ကိုင်းရှေ့တန်းစခန်းဧရိယာ ကြက်မောက်တောင် ဆည်ရေသောက်ဒေသ၌ နွေစပါးဧက ၁၀၀ နှင့် နွေနှမ်း ၂၂၁၅ ဧကစိုက်ပျိုးရန် လျာထားသတ်မှတ်ထားကြောင်းကို ပြောကြားခဲ့သည်။

ယင်းစိုက်ဧကပြည့်မီရေးနှင့် ရေကိုအလေအလွင့်မရှိ အသုံးပြုနိုင်ရေးအတွက် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသည့် ပုလဲသွယ်စပ်မျိုးကိုသုံးစွဲ စိုက်ပျိုးသွားကြရန်၊ စုပေါင်းပျိုးထောင်ခြင်း၊ စိုက်ချိန်ကာလတူ စိုက်ပျိုးခြင်းဖြင့် ရေကိုစနစ်တကျသုံးစွဲရန်နှင့် လယ်ကြားမြောင်းများ စနစ်တကျပြုပြင်ထားကြစေရန်တို့ကို ပညာပေးဟောပြောခဲ့သည်။

အဆိုပါ ပညာပေးဟောပြောပွဲသို့ ကိုင်းကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ စည်ပင်သာကျေးရွာနှင့် မကျီးတိုင်းကျေးရွာတို့မှ တောင်သူ ၆၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# အဆင့်မြင့်လယ်ယာမြေများ ဖော်ထုတ်ပေးမှုကြောင့် ဒေသခံတောင်သူများအဆင်ပြေ



**မြိတ် ဖေဖော်ဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု ကန်သာယာကျေးရွာရှိ ဒေသခံတောင်သူ ၂၇ ဦး ပိုင်ဆိုင်သော လယ်မြေဧက ၁၀၀ ကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် သိန်း ၁၆၀ ဖြင့် မြိတ်ခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ အဆင့်မြင့်လယ်ယာ ဖော်ထုတ်ဆောင်ရွက်ပေးခဲ့သဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလွယ်ကူအဆင်ပြေစွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၏ ပြောပြချက်အရသိရသည်။

အင်္ဂမော်ကျေးရွာအုပ်စု ကန်သာယာကျေးရွာရှိ ဒေသခံတောင်သူ ဦးအောင်ဝင်းက မိမိတို့အနေဖြင့် ယခင်က ယခုကဲ့သို့ တစ်ဧကကွက်များဖော်ထုတ်ထားခြင်းမရှိသဖြင့် ရေသွင်း၊ ရေထုတ်ခက်ခဲခြင်း၊ လယ်ကွက်များ ပုံသဏ္ဌာန်အမျိုးမျိုးရှိနေသဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲအမျိုးမျိုးဖြင့် ကြုံတွေ့ခဲ့ရပြီး ယခုအခါ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်ပေးခဲ့သဖြင့် စိုက်ပျိုးထုတ်လုပ်မှုများကို ယခင်ကထက် ပိုမိုလွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်လာပြီဖြစ်ကြောင်း ပြောသည်။

ယင်းအပြင် သီးနှံထုတ်လုပ်မှုကို ယခင်ကထက် ပိုမိုလွယ်ကူအဆင်ပြေချောမွေ့စွာ ထုတ်လုပ်လာနိုင်မည်ဖြစ်ပြီး မိမိတို့ဒေသခံတောင်သူများ တစ်ဦးချင်း ဝင်ငွေ တိုးတက်လာကာ မိသားစု၏ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်သောကြောင့် တာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ကြောင်း ယင်းက ပြောပြခဲ့သည်။

ဆက်လက်၍ ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးထက်ထက်မင်းက ယခင်က မြိတ်ဒေသတွင် အကြောင်းအမျိုးမျိုးကြောင့် ယခုကဲ့သို့ အဆင့်မြင့်လယ်ယာများ ဖော်ထုတ်ဆောင်ရွက်မှု နည်းပါးခဲ့ကြောင်း၊ ဒေသခံတောင်သူများမှာ ယခင်ရှိပြီးသား လယ်ယာမြေတည်ရှိမှုပေါ်တွင် မိရိုးဖလားစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ပြောသည်။

၎င်းက ဆက်လက်၍လယ်ကွက်များ ပုံသဏ္ဌာန် အမျိုးမျိုးနှင့် အရွယ်အစားအမျိုးမျိုးရှိနေခြင်း၊ ရေသွင်း၊ ရေထုတ်ပြုလုပ်ရန် ခက်ခဲခြင်း၊ မြေပြင်ညီညာမှုမရှိခြင်းကြောင့် ရေနေရေထိုင် ကောင်းမွန်မှုမရှိခြင်း၊ ကုန်ထုတ်လမ်းများမရှိခြင်းကြောင့် သွင်းအားစုများ ထည့်သွင်းခြင်းနှင့် အခြားစိုက်ပျိုးရေးဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်များစွာယူ၍ ဆောင်ရွက်ရခြင်းစသည့် အခက်အခဲများ ကြုံတွေ့ခဲ့ရသော်လည်း ယခုအခါ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဒေသ၏ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျရေး၊ ကျေးလက်နေ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ထုတ်လုပ်၍ ဝင်ငွေတိုးတက်ကာ လူမှုစီးပွားဘဝများ မြင့်တက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဤစီမံကိန်းကို ငွေကျပ်သိန်း ၁၆၀ ကုန်ကျခံ၍ ဆောင်ရွက်ပေးခဲ့သဖြင့် ယခင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားပြီး တောင်သူများ ဝင်ငွေတိုးတက်လာမည်ဖြစ်သဖြင့် ဒေသခံတောင်သူများလည်း ကျေနပ်ဝမ်းမြောက်လျက်ရှိကြောင်း ပြောသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးက ယခုအဆင့်မြင့်လယ်ယာ ဖော်ထုတ်သည့်ဒေသသည် မြေချဉ်ပေါက်ခြင်း၊ မိုးကောင်းသောက် လယ်မြေများဖြစ်ပြီး မျက်နှာပြင်ညီညာမှုမရှိခြင်းကြောင့် ရေနေရေထိုင်မကောင်းမွန်ခြင်း၊ ရေသွင်း၊ ရေထုတ်စနစ်တကျပြုလုပ်နိုင်မှုမရှိခြင်းကြောင့် သွင်းအားစုထည့်သွင်းရာတွင် လေလွင့်ဆုံးရှုံးမှုများခြင်းကြောင့် အထွက်နှုန်းလျော့နည်းသည့်ဒေသများဖြစ်ခဲ့ကြောင်း၊ သို့သော်လည်း ယခုအခါ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေကူညီပံ့ပိုးမှု၊ စက်မှုလယ်ယာဦးစီးဌာန၏ စေတနာထားဆောင်ရွက်မှုတို့ဖြင့် အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်လာနိုင်ပြီဖြစ်ကြောင်း ပြောသည်။

ယခင်က ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးနှင့် မျက်နှာပြင် မညီညာသည့် လယ်မြေများကို ပုံသဏ္ဌာန်၊ အရွယ်အစားတစ်မျိုးတည်းဖြင့် ပြုပြင်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် အထွက်တိုးမြင့်ရေးဆိုင်ရာသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို လက်တွေ့ကျကျဆောင်ရွက်လာနိုင်ပြီဖြစ်၍ အထွက်နှုန်းတိုးတက်လာတော့မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ရေသွင်း၊ ရေထုတ်ကို စနစ်တကျပြုလုပ်လာနိုင်ပြီး သွင်းအားစုများကို ထည့်သွင်းရာတွင် တစ်ဧကကွက်များကို အခြေခံတွက်ချက်ရသဖြင့် တောင်သူများအနေဖြင့် တွက်ချက်မှု လွယ်ကူခြင်း၊ အလေအလွင့်မရှိ ထည့်သွင်းလာနိုင်ခြင်းတို့ကြောင့် အထွက်နှုန်း တိုးတက်လာတော့မည်ဖြစ်ကြောင်း သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကိုလည်း လက်တွေ့ကျကျ ဆောင်ရွက်လာနိုင်သည့် အခြေခံကောင်းများရရှိလာပြီဖြစ်၍ ဒေသခံတောင်သူများအနေဖြင့် ပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်ပြီး ယခင်ကထက် ဝင်ငွေတိုးတက်လာကာ လူမှုစီးပွားဘဝများ မြင့်တက်လာတော့မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောသည်။

**မြင့်ဦး (မြိတ်)**


အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-8008
707062, 09-861-7770

ထက်အောင်လင်း 09-73040151
H.A.L TRAVELS
ချောင်းသာ (သီးသန့်)
09-49215713,09-258135556

Budget Tour (စိုးစံ)အဆင့်မြင့်ခရီးသွားလုပ်ငန်း
09264450022, 09264450033/ (ရုံးချိန် 09262995100)

ရွှေပိုးသား လိုက်ဂူ(၅)ဂူနှင့်ကျုံထောင်ရေတံခွန်
(၁)ညအိပ်၊ ဆိုင်ထမင်း(၃)နပ်ကျွေး ငွေဆောင်ကမ်းခြေတဆင့်သွားကားခ(အားလုံးအပါ) 40000
ရွှေ(၅)ရွှေ-မကွေး(မြသလွန်)မင်းဘူးစက္ကိန်းတဲ့၊နဂါးပွက်၊ကျောင်းတော်ရာ၊ဘုရား
စုံဖူး၊မန်းချောင်း(၁)ညအိပ်၊ဆိုင်ထမင်း(၃)နပ်ကျွေး(စားတည်းငြိမ်း) 45000
ပြည့်(၅)ပြည့်-ပုပ္ပါး၊ ပုဂံညောင်ဦး(စွယ်တော်လေးဆူ)၊ပခုက္ကူ(သီဟိုဠ်ရှင်)ဘုရားစုံဖူး၊
ဟိုတယ်(၁)ညအိပ်၊ဆိုင်ထမင်း(၃)နပ်ကျွေး(စားတည်းငြိမ်း) 55000 သောကြာအပတ်စဉ်
Ph:09425334456,0949323965,0949578205

ACADEMIC CENTRE
Since 1999

S.M.H
SMH English classes
IELTS တပါတ် (2) (4) (5) ရက် (သီးသန့်သင်တန်းများ)
Basic, Pre နှင့် Inter တစ်ပတ် (3) ရက်သင်တန်းများ
TOEFL နှင့် IGCSE တစ်ပတ် (4) (5) ရက်သင်တန်းများ
သင်တန်းအပ်လက်ခံပြီ
Contact person Saya Prin Chan
167/173 (B4) ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့ Ph: 01-392737 , 09-5105529 , 09-31560908

100% သံချေးမတက်သည့်Stainless Steel ဘလိတ်စားသွားဆူးကြိုးများကို
စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ ဈေးနှုန်းချိုသာစွာ
ဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph : 01-545531,01-8603141,09-5008161
အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ ပြည်လမ်းမ၊ (၉)မိုင်၊ မရမ်းကုန်း။
Ph : 01-656521, 09-421024731, 09-421024741
အရောင်းခန်းမ(၃) - အဆောင်(၁၁၇)၊ အခန်း(၅)၊ ကျောက်စိမ်း(၆)လမ်း၊ ကမ္ဘာ့ရတနာဘဏ်ဘေး၊စော်ဘွားကြီးကုန်းကားဝင်း၊ အင်းစိန်မြို့နယ်။
Ph:01-642748, 09-421024711,09-421024811

ရောင်းမည်/ငှားမည်
(၁) နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေပုဇွန် အအေးဆိုင်အနီး၊ မြေ ပေ (၁၀၀×၁၀၀) ပေါ်ရှိ တစ်ထပ်တိုက် (၁) လုံး။
(၂) နေပြည်တော် ဘောဂသီရိအဝေးပြေးကားဂိတ်အနီး၊ ပေ(၇၅×၅၀) အဆောက်အအုံနှင့် မြေ (၂) ဧက။
ဆက်သွယ်ရန်ဖုန်း - ၀၉ ၄၄၈၀၂၆၃၈၈၊ ၀၉ ၇၃၁၀၄၀၄၇
စစ်ကိုင်းစက်မှုဇုန် (၁၂) ဧက ရောင်း/ငှား အကျိုးတူလုပ်ကိုင်လိုပါသည်။
ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၃၁၀၄၀၄၆၊ ၀၉ ၇၃၁၀၄၀၄၉

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ကုန်အမှတ်တံဆိပ်အမည်နှင့် အမှတ်အသားကို မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်း
ZMCA BEAR BRAND
ရန်ကုန်မြို့၊ မှန်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် (၄) တွင် နေထိုင်သော ဦးထွန်းထွန်းဦး (၁၂/စခန(နိုင်)၀၂၂၈၂၇) သည် ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်နှင့် အမှတ်အသားကို မိမိမူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၄/၁၂၃၆၆ (၉-၉-၂၀၁၅) ဖြင့် တရားဝင်မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။
သို့ဖြစ်ပါ၍ မိမိမူပိုင်အသုံးပြုလျက်ရှိသော အဆိုပါ ကုန်အမှတ်တံဆိပ်အမည်နှင့် အမှတ်အသားကို မိမိ၏ တရားဝင် ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူရိုးမှားပြုလုပ်ခြင်း အစရှိသည့် တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
ဦးထွန်းထွန်းဦး

သားအဖြစ်မှစွန့်လွှတ်ခြင်း
ပဲခူးတိုင်းဒေသကြီး၊ ကျွန်းသာယာရပ်ကွက်၊ နီလာ(၂)လမ်းနေ ဦးဝင်းခိုင်[၁၀/ကထန(နိုင်)၀၉၃၇၁၆]နှင့် ဇနီး ဒေါ်နန်းဝတ်ရည်[၁၀/သနပ(နိုင်)၀၀၀၇၁၉] ကိုင်ဆောင်သူတို့၏သား မောင်မင်းခန့်သည် မိဘဆုံးမမှုများမနာခံဘဲ ၁၃-၂-၂၀၁၆ရက်တွင် မိမိသဘောဖြင့် နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား မိဘနှစ်ဦးက လုံးဝတာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးဝင်းခိုင်-ဒေါ်နန်းဝတ်ရည်

# ငြိမ်းချမ်းခြင်းအလှ ဖြိုးဝေဖို့ ကလျာဏမိတ္တာ တိုးစေစို့

à ကိုရင်ညြ

အရှေ့တောင်အာရှဒေသအတွက် ထူးခြားအရေးပါလှသည့် ညီလာခံတစ်ရပ်ကို အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် Rancho Mirage မြို့ရှိ ဆန်းနီးလန်း (Sunnylands) စံအိမ်တော်၌ ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည်ဟု ကျွန်ုပ်သိရှိရလေရာ ယင်းညီလာခံ၏ အနှစ်သာရပိုင်းကို စေ့ငုလေ့လာရန် အကြောင်းဖြစ်တည်လာ၏။

အမေရိကန်မြေပေါ်တွင် ပထမဆုံးအကြိမ် ထူးထူးခြားခြားကျင်းပသည့် အထူးထိပ်သီးဆွေးနွေးပွဲဖြစ်ပေရာ သမ္မတဘားရက်အိုဘားမား၏ နိုင်ငံခြားရေးမူဝါဒတွင် အရှေ့တောင်အာရှဒေသအပေါ် မည်မျှအလေးပေးတန်ဖိုးထားသည်ကို ကျွန်ုပ်အကဲခတ်မိလေသည်။

အမေရိကန်-အာဆီယံ အထူးထိပ်သီးညီလာခံ၏ တူရူပြုချက်တစ်ခုသည်ကား စီးပွားရေးရာဖြစ်၏။

အာဆီယံဒေသသည် တိုးတက်ကြီးပွားမည့် အလားအလာကောင်းများနှင့် ပြည့်လျှမ်းလျက်ရှိသည်ဟု ကမ္ဘာ့နိုင်ငံများက ရှုမြင်ကြလျက် ရင်းနှီးမြှုပ်နှံမှုများ အလျှိုလျှို ပြုလုပ်လာနေကြသည်ကို ကျွန်ုပ်တွေ့မြင် လာရလေသည်။

ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်မှုတို့မှတစ်ဆင့် ဒေသဆိုင်ရာ တိုးတက်ကြီးပွားမှုကို မြှင့်တင်နိုင်ရန် အမေရိကန်သမ္မတနှင့် အာဆီယံနိုင်ငံများမှ အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများက ဆွေးနွေးပွဲ အစီအစဉ်တစ်ရပ်အရ ဆွေးနွေးခဲ့ကြသည်ဟု ကျွန်ုပ်လေ့လာသိရှိရလေသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းအတွင်း စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှု တိုးမြှင့်စေခြင်း ဆွေးနွေးပွဲ (Promoting an innovative, Entrepreneurial ASEAN Economic Community) တွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ယခု ထိပ်သီးအစည်းအဝေးကို အမေရိကန်နိုင်ငံတွင် ပထမဆုံး ကျင်းပနိုင်သည့် အခြေအနေမှတစ်ဆင့် အမေရိကန်-အာဆီယံ ဆက်ဆံရေးကို ပိုမိုတိုးမြှင့်နိုင်ရေး၊ တစ်ခုတည်းသော အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် အပြည့်အဝ ပါဝင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှု အခြေအနေ၊ မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် ပေါ်ပေါက်လာသည့် အခွင့်အလမ်းများကို အသုံးပြုပြီး အခြားအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များနည်းတူ နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ ထိုသို့ တန်းတူ ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများသို့ ပေးအပ်သည့် အထူးအခွင့်အရေး Generalized System Preference (GSP) များ ပေးအပ်ခြင်းနှင့် ကျန်ရှိနေသော စီးပွားရေး ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားပေးရန် လိုအပ်သည့် အခြေအနေများကို ဆွေးနွေးခဲ့လေသည်။

ထို့ပြင် ဒုတိယသမ္မတက အမေရိကန်သမ္မတ ဘားရက်အိုဘားမားအဆိုပြုသည့် အမေရိကန်-အာဆီယံ ပေါင်းစပ်ဆက်သွယ်ရေး US-ASEAN Connect အစီအစဉ်ကို ကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုနှင့်လည်းကောင်း ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ထပ်လောင်းပြောကြားခဲ့လေသည်။

အဆိုပါအစည်းအဝေးတွင် Microsoft, IBM နှင့် CISCO System တို့မှ အမှုဆောင်အရာရှိချုပ်များက ဒစ်ဂျစ်တယ်နည်းပညာဖြင့် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် တီထွင်ဆန်းသစ်နိုင်စွမ်းများကို မြှင့်တင်နိုင်မည့် အလားအလာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြလေသည်။

အာဆီယံသည်ကား အမေရိကန်၏ စတုတ္ထမြောက် ကုန်သွယ်ဖက်ဖြစ်သည်။ အမေရိကန်က အာဆီယံသို့ ပို့ကုန်များ တင်ပို့ခြင်းဖြင့် အာဆီယံဒေသအတွင်း အလုပ်အကိုင်နေရာ အမြောက်အမြားကို ဖန်တီးပေးနိုင်ပေသည်။ ဖွံ့ထွားနေသော အာဆီယံဈေးကွက်အတွင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အဓိက ရင်းမြစ်သည်ကား အမေရိကန်ဖြစ်နေ၏။

အရှေ့တောင်အာရှဒေသ၏ အလုံးစုံဖွံ့ဖြိုးတိုးတက်မှုအတွက် အာဆီယံအသိုက်အဝန်း၏ ပြင်ပကမ္ဘာသို့ ရှုမျှော်သော သွင်ပြင်လက္ခဏာ၊ စီးပွားရေးကြံ့ခိုင်မှုလက္ခဏာနှင့် မျှဝေပိုင်ဆိုင်သော ဒေသဆိုင်ရာ အင်္ဂါရပ်တို့ကို အခြေပြုကာ ပြည်သူ ၆၂၂ သန်းအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးမည့် ပေါင်းစည်းရေးလုပ်ငန်းစဉ်ကို ဆောင်ကြဉ်းပေးနိုင်ရန် ၂၀၁၆ ခုနှစ်အတွင်းသို့ အသိုက်အဝန်းတစ်ခုအဖြစ် အာဆီယံဝင်ရောက်လာချိန်တွင် အမေရိကန်နှင့် အာဆီယံ ခေါင်းဆောင်များက စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုတို့ကို အားပေးမြှင့်တင်လျက်ရှိကြလေသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အာဆီယံအသိုက်အဝန်းကို တရားဝင် ထူထောင်ခဲ့ခြင်းသည် ၁၉၇၆ ခုနှစ်တွင် အာဆီယံအဖွဲ့ကို ထူထောင်ခဲ့ချိန်နောက်ပိုင်း အာဆီယံ၏ သွေးစည်းခိုင်မာမှုကို ပိုမိုမြှင့်တင်ပေးနိုင်သော ပြယုဂ်ပင်မဟုတ်ပါလား။

ဆယ်စုနှစ် ငါးစုတာမျှဖြစ်ပေါ်လာခဲ့သော ဒေသဆိုင်ရာပေါင်းစည်းရေး အစီအစဉ်အမျိုးမျိုး၏ အန္တိမရည်မှန်းချက်အဖြစ် အာဆီယံအသိုက်အဝန်းကို ထူထောင်ခဲ့ခြင်းဖြစ်လေသည်။ အာဆီယံအသိုက်အဝန်းကို ကနဦးနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် စတင်ထူထောင်ရန် ရည်မှန်းခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် စတင်ထူထောင်ရန် ရည်မှန်းချက်တစ်ရပ်ကို ၂၀၀၇ ခုနှစ်တွင် အာဆီယံခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြသည်။ ယင်းမှာ အာဆီယံအသိုက်အဝန်း မဏ္ဍိုင်သုံးရပ်အတွက် အစီအစဉ်များရေးဆွဲခြင်းအား အဖွဲ့ဝင်နိုင်ငံများက အပြီးတိုင်ဆောင်ရွက်နိုင်ခဲ့မှုကို ထင်ဟပ်နေပေသည်။

အာဆီယံအသိုက်အဝန်းသည် နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်း၊ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဟူ၍ မဏ္ဍိုင်ကြီးသုံးရပ်ဖြင့်ဖွဲ့စည်းထားလေသည်။

အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းတစ်ခုအဖြစ် အချုပ်အခြာအာဏာပိုင်စိုးသော အဖွဲ့ဝင် ၁၀ နိုင်ငံစလုံးပါဝင်သည့် အုပ်စုတစ်စုပေါ်ပေါက်လာသည်။ ဒေသတွင်း၌ မိမိကိုယ်တိုင် ပြန်လည် ရုန်းထနိုင်မှုရှိခြင်း၊ တရားဥပဒေနှင့် စည်းမျဉ်းများပေါ် အခြေခံမှုရှိခြင်း၊ ထာဝရငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်မှုတို့ကို ခံစားနိုင်စေမည့် ဒေသဖြစ်ခြင်းတို့မှာ အာဆီယံနိုင်ငံများ၏ တူညီသော သွင်ပြင်လက္ခဏာတစ်ရပ်ဖြစ်ပြီး အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမှုများကို လိုက်နာလေသည်။

အငြင်းပွားမှုများအား ငြိမ်းချမ်းသောနည်းလမ်းများ အသုံးပြု၍ ဖြေရှင်းခြင်းကို အလေးပေးပြီး စုပေါင်းတိုင်ပင်နှီးနှောမှုနှင့် တစ်စိတ်တစ်ဝမ်း သဘောတူညီမှုတို့ကို ကျင့်သုံးသည့် မဏ္ဍိုင်တစ်ခုဖြစ်လာပေပြီ။

အာဆီယံနိုင်ငံသားများ၏ လူနေမှုဘဝများ မြင့်မားတိုးတက်လာစေရန် ရည်မျှော်လျက် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေကြေးအရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လွတ်လပ်လပ် ရွှေ့ပြောင်းလုပ်ကိုင်နိုင်စေရန် အာဆီယံစီးပွားရေးအသိုက်အဝန်းက ပုံဖော်ထုဆစ်လျက်ရှိကြလေသည်။

တစ်ခုတည်းသော ဈေးကွက်၊ တစ်ခုတည်းသော ထုတ်လုပ်မှုအခြေစိုက်စခန်း၊ ယှဉ်ပြိုင်မှုမြင့်မားသော စီးပွားရေးတည်ရာဒေသနှင့် သာတူညီမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အတူ ပေါင်းစည်းထားသော ဒေသအနေဖြင့် ကမ္ဘာ့စီးပွားရေးအဝန်းအဝိုင်းအတွင်းသို့ ဝင်ရောက်လာသည်။

အာဆာဆီယံစီးပွားရေး အသိုက်အဝန်းဖြင့် ဒေသဆိုင်ရာ ပေါင်းစည်းထားသော စီးပွားရေးဘဝကို တည်ဆောက်ကာ ဒေသပြင်ပ စီးပွားရေးမိတ်ဖက်နိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာစေရန် ဆွဲဆောင်နိုင်ပေမည်။

အာဆီယံသည် တစ်ခုတည်းသော ဈေးကွက်နှင့် တစ်ခုတည်းသော ထုတ်လုပ်မှုအခြေစိုက်စခန်းတစ်ခုအဖြစ် ရပ်တည်ခြင်းဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆွဲဆောင်လျက်ရှိသည်။

စီးပွားရေးတိုးတက်မှုအတွက် အဓိကပံ့ပိုးပေးသော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လာနိုင်ရန် အာဆီယံက ဆက်လက်ဆောင်ရွက်လိမ့်မည်။

အမေရိကန်-အာဆီယံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး၏ ဒုတိယပိုင်း အစီအစဉ်အရ အာရှ-ပစိဖိတ်ဒေသကြီး ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းနိုင်ရေး ဆွေးနွေးပွဲ (Protecting Peace, Prosperity and Security in the Asia-Pacific) ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျင်းပခဲ့ပြီးလျှင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်း လုံခြုံရေး၊ နိုင်ငံဖြတ်ကျော်စိန်ခေါ်မှုများနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးတို့နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏ သဘောထားနှင့် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်ဟု ကျွန်ုပ်မှတ်သားရ၏။

အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်တွင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ အာဆီယံပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာ ဥပဒေတို့တွင် ဖော်ပြပါရှိသည့်မူများနှင့် ရည်ရွယ်ချက်များကို အခိုင်အမာ ထောက်ခံကိုင်စွဲခြင်းအားဖြင့် နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေ တည်တံ့ခိုင်မြဲမှု၊ တန်းတူညီတူရှိမှုနှင့် နိုင်ငံရေးဆိုင်ရာ လွတ်လပ်ခွင့်ရှိမှုတို့ကို အပြန်အလှန် လေးစားရန်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို ကျဉ်းမြောင်းစေလျက် စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးမှု၊ တီထွင်ဆန်းသစ်မှု၊ စွန့်ဦးတီထွင်နိုင်မှုနှင့် ပေါင်းစည်းဆက်နွှယ်မှုတို့ကို ဖြစ်ပေါ်စေ၍ ထက်မြက်ပွင့်လင်းပြီး ယှဉ်ပြိုင်မှုစွမ်းအားမြင့်မားသော စီးပွားရေးကို ဦးတည်သည့်မူဝါဒများ ကျင့်သုံးခြင်း၏ အရေးပါမှုကို အပြန်အလှန် အသိအမှတ်ပြုရန်၊ ဒီမိုကရေစီ စနစ်ခိုင်မြဲစေခြင်း၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု မြှင့်တင်ခြင်း၊ တရားဥပဒေစိုးမိုးမှုကို အလေးထားခြင်း၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုတို့ကို ကာကွယ်မြှင့်တင်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်းနှင့် အစွန်းမရောက်သော အလယ်အလတ် လမ်းစဉ်ကို အားပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း စသည်တို့မှ တစ်ဆင့် ပြည်သူအားလုံးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး ကတိကဝတ်ပြုမှုတို့ကို ဖော်ပြထားလေသည်။

ထို့ပြင် ၁၉၈၂ ခုနှစ် ပင်လယ်ပြင် ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အပါအဝင် တစ်ကမ္ဘာလုံးက လက်ခံအသိအမှတ်ပြုထားသည့် နိုင်ငံတကာ ဥပဒေများနှင့်အညီ ဥပဒေရေးရာနှင့် သံတမန်ရေးရာ လုပ်ငန်းစဉ်တို့၏ ရလဒ်ကို လေးစားခြင်းအပါအဝင် ခြိမ်းခြောက်ခြင်းနှင့် အင်အားအသုံးပြုခြင်းမရှိဘဲ အငြင်းပွားမှုကို ငြိမ်းချမ်းစွာ ဖြေရှင်းသွားရန်၊ အကြမ်းဖက်မှု၊ အစွန်းရောက်မှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှု၊ လူမှောင်ခိုကုန်ကူးမှုနှင့် တရားမဝင်၊ အကြောင်းမကြား၊ ထိန်းချုပ်မှုမရှိသော ငါးဖမ်းမှုတို့ သာမက သားရဲတိရစ္ဆာန်နှင့် သစ်များ တရားမဝင်ကူးသန်းရောင်းဝယ်မှု အစရှိသည့် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဖြေရှင်းရာတွင် ဦးစီးဆောင်ရွက်သွားရန်တို့ ပါရှိလေသည်။

အလားတူ တာဝန်ယူမှုရှိသည့် နိုင်ငံ၏ အပြုအမူဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆိုက်ဘာကွန်ရက်လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုမြှင့်တင်ရန်၊ အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်များ အောင်မြင်ရန်အတွက် အာဆီယံနှင့် အမေရိကန်ပြည်သူများ အထူးသဖြင့် လူငယ်လူရွယ်များအကြား ထိတွေ့ဆက်ဆံသည့် အစီအစဉ်နှင့် ပြည်သူအားလုံး အထူးသဖြင့် လုံခြုံမှုမရှိသူများအတွက် အခွင့်အလမ်းများ တိုးမြှင့်သည့် အစီအစဉ်တို့မှတစ်ဆင့် ပြည်သူများအကြား ကူးလူးဆက်ဆံမှုကို တိုးမြှင့်ရန် စသည်တို့ ဖော်ပြပါရှိလေသည်။

အာရှ-ပစိဖိတ်ဒေသ၏ နှလုံးသည်းပွက်နေရာတွင်တည်ရှိသော အာဆီယံဒေသသည် အမေရိကန်၏ အကျိုးစီးပွားများအတွက် မဟာဗျူဟာအရ အရေးပါလှသည်။

အာဆီယံအနေဖြင့်လည်း သံတမန်ရေး၊ စီးပွားရေးနှင့် မဟာဗျူဟာအရ အမေရိကန်နှင့် ဆက်ဆံရေးကောင်းမွန်ရန် အလေးပေးလျက်ရှိသည်ဟု ကျွန်ုပ်အကဲခတ်မိ၏။

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် အမေရိကန်နှင့် အာဆီယံခေါင်းဆောင်များက မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို အဆင့်မြှင့်တင်ခဲ့ကြလေသည်။

အာဆီယံနယ်မြေပြင်ပ၌ အမေရိကန်-အာဆီယံ ထိပ်သီးအစည်းအဝေးကို ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့ပြီဖြစ်ရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုအရ သမိုင်းမှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေလိမ့်မည်။

အမေရိကန်နှင့် အာဆီယံ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာခြင်းဖြင့် ဒေသဆိုင်ရာ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးတို့ကို အထောက်အကူပြုလိမ့်မည်ဟု တွေးဆမိ၏။ ကမ္ဘာတစ်ဝန်းရှိ လူ့အဖွဲ့အစည်းအချင်းချင်း ရေရှည်တည်တံ့ခိုင်မြဲသော ညီညွတ်မှုရရှိရေးအတွက် ကြိုးပမ်းကြရမည်မှာ နိုင်ငံအားလုံး၏ ကျင့်ဝတ်ဖြစ်သည်။

ရှင်တော်ဗုဒ္ဓ ဟောကြားခဲ့သော သမ္မဒိတရားလေးပါးတွင် 'ကလျာဏမိတ္တသမ္ပဒါ' (မိတ်ကောင်းဆွေကောင်းရှိခြင်း)ဟူ၍ ပါရှိလေသည်။ ခေတ်သုံးစကားအလိုအရ ကွန်ရက်ချိတ်ခြင်း (Networking) မှာ အထူးအရေးကြီးလှရကား မိတ်ဆွေတိုးပွားရန်သူရှားအောင် ပြုမူနေထိုင်ကြရပါလိမ့်မည်။ မိတ်ကောင်းကို ရရှိရန်မှာ မိမိကိုယ်တိုင် မိတ်ကောင်းအင်္ဂါရပ်များနှင့် ပြည့်စုံရလိမ့်မည်။ မိတ်ဆွေပီသရလိမ့်မည်ဟု တွေးတောမိရင်း "ငြိမ်းချမ်း ခြင်းအလှဖြိုးဝေဖို့ ကလျာဏမိတ္တာတိုးစေ စို့" ဟူ၍ ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။




ဓာတ်ပုံ- အေပီ

## မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ သန်လျင်တောရ ယင်းတော်မင်းကျောင်းတိုက်တွင်

# အုတ်တံတိုင်း အလှူရှင်များ လိုအပ်နေခြင်း

လွန်ခဲ့သော နှစ်ပေါင်း (၇၀၀)ခန့် ပင်းယခေတ် ဥဇနာမင်းကြီးမှ ရွှေကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့၍ "မင်းကျောင်း"ဟူ၍ အမည်တွင်လာခဲ့သော ယင်းတော်မင်းကျောင်းကို - (က) ပင်းယခေတ် - ဥဇနာမင်းကြီး၊ (ခ) ပဌမအင်းဝခေတ် - ပဌမမင်းခေါင်၊ (ဂ) ဒုတိယ အင်းဝခေတ် - ညောင်ရမ်းမင်းတရားကြီး၊ (ဃ) ကုန်းဘောင်ခေတ် - ဘိုးတော်ဦးဝိုင်း ခေါ်ဗဒုံမင်း၊ (င) ကုန်းဘောင်ခေတ် - မင်းတုန်းမင်းကြီးတို့ ကိုးကွယ်ခဲ့ကြ၏။

ထိုမင်းအဆက်ဆက်တို့ ကိုးကွယ်လာခဲ့ကြရာမှ ဒုတိယကမ္ဘာစစ်ကြီးတွင် လုံးဝပျက်စီးသွားခဲ့ရာ နှစ်ပေါင်း (၅၀)ကျော်ကာလတွင် ဘာသာခြားများ လွှမ်းမိုးရောထွေးလာ၍ **'တိတေသီနေလ အရှင်နိပုဏထေရ်'** သည် ၁၃၄၉-ခု ဝါဆိုလပြည့်ကျော် (၁)ရက် (၁၁-၇-၁၉၈၇) စနေနေ့တွင် ရောက်ရှိကာ **'မင်းကျောင်းသာသနာ'** အဖြစ် ထင်ရှားလာအောင် လေးဘက်လေးတန် အုတ်တံတိုင်းကာခြင်း၊ ခြံစည်းရိုးကာခြင်းများ ပြုခဲ့ရာတွင် နှစ်ပေါင်း (၃၀)ခန့်အကြာ ယခုအချိန်၌ ထိုအုတ်တံတိုင်းများ ပျက်စီးယိုယွင်းနေသဖြင့် အသစ်ပြန်လည်၍ ထုံးမပါ သံပန်း သံကူ အုတ်တံတိုင်းအဖြစ် နှစ်ပေါင်းများစွာခံအောင် တည်ဆောက်နေပါသည်။

ဆရာတော် (၃)နှစ် အဓိဋ္ဌာန် ထွက်လာပြီးနောက် ပဌမဆုံး ပြုပြင်မှုအဖြစ် အုတ်တံတိုင်း ကာရံခြင်း ဖြစ်၍ -

**အလျား (၉)ပေ၊ အမြင့် (၆) ပေခွဲ - သံပန်း အုတ်တံတိုင်း (၁) ခန်းလျှင် - (၄) သိန်းခွဲ ကျပ်ဖြင့် အခန်းပေါင်း (၂၂၅) ခန်းအတွက် အလှူရှင်များ လိုအပ်နေပါကြောင်း** အသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆရာတော်သည် အနယ်နယ် အရပ်ရပ်၌ နိဗ္ဗာန်ရောက်ကြောင်း တရားများလည်း ဟောကြားနေပြီ ဖြစ်ပါ၍ တရားပွဲများကိုလည်း ပင့်နိုင်ကြပါသည်။ အောက်ပါ ဖုန်းနံပါတ်များအတိုင်း ဆက်သွယ်လှူဒါန်း၊ ပင့်နိုင်ကြပါသည်။

ဖုန်းနံပါတ် - ၀၉-၄၄၈၅၃၆၀၀၀၊ ၀၉-၇၉၁၆၄၅၄၉၉၊ ၀၉-၇၉၉၈၉၇၄၄၂၊ ၀၉-၂၂၀၀၂၉၆

---

ပျောက်ဆုံးခြင်း — ကျွန်တော် ဦးကျော်မျိုးထွန်း(၁၂/ဒဂတ(နိုင်)၁၃၅၂၈၆)၏ သွင်းကုန်ပါမစ်အမှတ် ISP IDVY8 15-16 12471 15/12/15 သည် ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း -၀၉ ၄၂၀၁၁၄၀၈၅

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

### မြေကွက်များဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံအရှေ့မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
Ph:09-260664480
09-260664490

### မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

### မြတ်မြင့်ထိုက် ရောင်း/ငှားမည်

| | | | |
|---|---|---|---|
| ပြည်လမ်းသွယ်(၁၀)မိုင် | (65' x 90')2BN | 12 | သိန်း |
| ပြည်လမ်းသွယ်(၇)မိုင်ခွဲ | (45' x 65')1RC | 15 | သိန်း |
| ကန်တော်ကြီးတာဝါ | (1300sq)full furnt | 16 | သိန်း |
| မင်္ဂလာဒုံ(ခရေပင်ရိပ်သာ) | (100' x 100')မြေ | 3200 | သိန်း |
| မရမ်းကုန်း(၅)ရပ်ကွက် | (55' x 100')မြေ | 3800 | သိန်း |
| အောင်သိဒ္ဓိလမ်းသွယ် | (45' x 120')PT | 5000 | သိန်း |
| ရွှေနှင်းဆီလမ်းသွယ် | (88' x56')BN | 7500 | သိန်း |

ဆက်သွယ်ရန်-09-960225525, 09-795964649, 09-254299951

### ရောင်းမည်

ဒဂုံအရှေ့ပိုင်း၊ ချမ်းသာရွှေပြည်အိမ်ရာ၊ ပေ(၇၅x၇၅)၊ မြေကွက်ကျယ်၊ ဝင်ပေါက်အနီး၊ ညှိနှိုင်းဈေး။
ဖုန်း-၀၉-၇၉၅၅၆၀၉၆၆၊ ၀၉-၉၇၀၁၁၂၆၉၉

### မြေကွက်ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ (၁၄)ရပ်ကွက်၊ ရာဇဓိရာဇ်(၂)လမ်း၊ (ပေ၄၀x ပေ၆၀)ဂရန် အမည်ပေါက် ဈေးနှုန်း ချိုသာစွာဖြင့် အမြန်ရောင်းမည်။

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

၁။ လှည်းကူးမြို့ ဆည်မြောင်းလမ်းမကြီးဘေး၊ (ဥယျာဉ်မြေ)၊ရေပါမီးရှိ၊ ကွန်ကရစ်လမ်းဘေး၊ (30'x90') (260) သိန်း
၂။ (1)ထပ်တိုက်၊ (450 sqft)၊ ရေမီးစုံ၊ (ဥယျာဉ်မြေ) (250) သိန်း
Ph: 09-799716395,09-421161198,09-796797258
















## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၀)၊ မြေကွက်အမှတ်-(၄၁၀/က)၊ မြေကွက်တည်နေရာအမှတ်(၄၁၀/က)၊ (၁၀)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအုန်းမောင် (AC-014747) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအုန်းမောင်နှင့် ဇနီး ဒေါ်ခင်ညွန့်တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်စန်းမြင့်[၁၂/ဥကတ(နိုင်)၀၈၅၈၈၂]၊ ဦးသိန်းထွန်းဆန်း [၁၂/ဥကတ (နိုင်)၀၈၄၇၀၅]၊ ဒေါ်ဆွေဆွေ[၁၂/ဥကတ(နိုင်)၀၈၅၈၇၅]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## နွေရာသီရေကူးသင်တန်း

အင်းယားလမ်း ရေကူးကန်

(စိမ်းလန်းစိုပြေပန်းခြံအနီး)

- သင်တန်းသားများ လက်ခံနေပါပြီ။
- မြန်မာ့လက်ရွေးစင်ဟောင်းများမှ စနစ်တကျ သင်ကြားလေ့ကျင့်ပေးနေပါသည်။

Ph:09-73105276, 09-32507088

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မှော်ဘီမြို့နယ်၊ တိုးချဲ့မြို့သစ်မြို့မ(၄)ရပ်ကွက်ပေါ်ရှိ အိမ်ရာအဆင့်(ကက) အိမ်အကွက်အမှတ်(၁၂)၏ မြေကွက်အား ဦးထွန်းညွန့်မှ မစန်းစန်းငွေအမည်သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မစန်းစန်းငွေ

မှော်ဘီမြို့

ကြော်ငြာ

## ပရဟိတ ကျောင်းသူ မိန်းကလေးအိပ်ဆောင် လိုအင်ဆန္ဒပြည့်ဆည်းစေလို




မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ၂၀၀၁ခုနှစ်၊ ဇွန်လ ၁ရက်တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၅-၂၀၁၆ပညာသင်နှစ်မှာ (၂၈၉)သော မိဘမဲ့ နွမ်းပါး၊ တိုင်းရင်းသား မူ လယ်၊ ထက် ကျောင်းသား၊ ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက် ပညာသင်ကြားပေးလျက်ရှိပါသည်။

ကျောင်းသူမိန်းကလေး (၁၀၀)ဝန်းကျင်ရှိပါသည်။ အိပ်ဆောင်အခက်အခဲကြောင့် ရွာထဲက အိမ်တွေမှာ အကူအညီတောင်းပြီး ထားရပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသူမိန်းကလေးများ ကိုယ့်ကျောင်းအတွင်းမှာ လုံခြုံချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် အလျား(80') x အနံ (40')(2RC) အဆောက်အအုံကို အရေးပေါ် ကြိုးစားတည်ဆောက်နေပါသည်။ ၎င်းအဆောက်အအုံတွင် အခန်း(၁၆)ခန်းပါရှိပြီး တစ်ခန်းလျှင် ကျပ်(၂၅)သိန်း ကုန်ကျမှာဖြစ်ပါသည်။ (၁)ခန်းစာနှင့် အထက် အလှူရှင်များအား သားစဉ်မြေးဆက် ဝမ်းမြောက်နုမော် သာဓုခေါ်ဆိုနိုင်ရန် "ကမ္ပည်းကျောက်စာ" ရေးထိုးဂုဏ်ပြုပေးပါမည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများမှ မိန်းကလေးအိပ်ဆောင် လိုအင်ဆန္ဒပြည့်ဝစေရန် စွမ်းနိုင်သမျှ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းစေလိုကြောင်း စေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရပါသည်။

**ဆက်သွယ်ရန်**

ကျောင်းအုပ်ဆရာတော်နှင့် အကျိုးဆောင်များ
မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
တောင်စွန်းစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
ဖုန်း-၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀၊ ၀၉-၇၉၆၆၂၅၇၀၀
ကမ္ဘောဇဘဏ်အကောင့်နံပါတ် ဦးဇဋိလ**(A/C No.007-301-00700708002)**
**CB Bank** အကောင့်နံပါတ် **U ZATILA(A/C No.0092600100002526)**

မှတ်ချက်
- ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။
- ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။
- ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် (၁)မိုင်ခန့်သာ ကွာပါသည်။
- မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ မင်းတပ်လမ်း၊ မြေကွက်အမှတ်(၃၃၇)၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြို့ရွာနှင့်အိုးအိမ်ဌာနတွင် ဗိုလ်မှူးတင်ဝင်း(TTN-၁၄၅၃၉၇) အမည်ပေါက် ပါမစ်မြေကွက်အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားကာ လက်ရှိတရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသောင်းညွန့်[၁၂/မရက(နိုင်)၀၃၆၈၀၄]ထံမှ အပြီး အပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်ဦးအေးကျော်[၁၂/ဒလန(နိုင်)၀၂၃၇၇၇]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အောင်မြင်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးအေးကျော်
ဖုန်း-၀၉-၉၇၄၇၇၉၄၈၃၊
၀၉-၂၅၀၅၀၅၉၆၀

### ပျောက်ဆုံးခြင်း

ကျွန်တော် ဦးဌေးမင်းဇော်၏ SSO လက်မှတ်O.01174315သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၇၄၄၈၆

**မီး သတိ ပြု**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၆၂

| | | |
|---|---|---|
| ဒေါ်ဗန်လီဇာအောင် | နှင့် | ၁။ ကိုထိန်လင်း |
| | | ၂။ မနှင်းဝေလှိုင် |
| | | ၃။ ကိုရဲဇော် |
| | | ၄။ မမေသူ |
| | | ၅။ ဒေါ်ခင်မ(ခ)ဒေါ်စန်းစန်းဝေ |
| | | ၆။ ဦးဇော်မင်း |
| | | ၇။ မောင်ကိုကို |
| | | ၈။ မောင်ညီညီ |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းကျေးရွာ၊ ဗိုလ်အောင်ကျော်လမ်းသွယ်၊ ရွှေဂန္ဓမာလမ်း၊ အမှတ်(၁၄၃၀)နေ (၁)တရားပြိုင် ကိုထိန်လင်းနှင့် (၂)တရားပြိုင် မနှင်းဝေလှိုင်တို့ (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက "ကျူးကျော်ဝင်ရောက်နေထိုင်သူများအား ဖယ်ရှားပေးစေလိုမှုနှင့် ၎င်းတို့ဆောက်လုပ်ထားသော အိမ်များကို ဖျက်သိမ်းယူဆောင်၍ မြေကွက်လက်ရောက်ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ရက် (၁၃၇၇ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ(၂၈)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မောင်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

## ရန်ကုန်စက်မှုတက္ကသိုလ်

၁၉၈၇ နှင့် ၁၉၉၁ ခုနှစ် မေဂျာပေါင်းစုံ
ဘွဲ့ရ ကျောင်းသူ၊ကျောင်းသားဟောင်းများ၏
၂၅ နှစ်မြောက်

### အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

| | |
|---|---|
| နေ့စွဲ | ၂၊မတ်၊ ၂၀၁၆ |
| အချိန် | ညနေ ၃း၀၀ နာရီ |
| နေရာ | စက်မှုခန်းမ ၊YTU၊ |

ဆက်သွယ်လှူဒါန်းရန်
ကိုကိုအေး (Civil) 09-5119070
ကျော်စိုးဝင်း (Che) 09-5081451
ခင်မောင်လွင် ၊ကြက်တော၊ (Mech) 09-5004189
ခင်စန္ဒာထွန်း (EC) 09-5000735
သော်တာ (EP) 09-5015385
စိုးမင်း (Met) 09-2225501
ကျော်ကျော်လွင် (Min) 09-5095753
ငွေးငွေး (Tex) 09-5047642
တင်တင်အေး (Arch) 09-43014011

### စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးသိန်းဦး(တိုင်းဒေသကြီးဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)-
ဒေါ်နန်းလဲ့လဲ့ခိုင်(ဒါရိုက်တာ၊ တောင်သမန်သစ္စာကုမ္ပဏီလီမိတက်)တို့၏ သား
မောင်အောင်တေဇာဦး
B.A(Business Science), M.B.A-YUE
(Vice President of GI Group Express)
နှင့်
ရန်ကုန်မြို့နေ ဦးကျော်ဝင်း[အင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]-
ဒေါ်ခင်ခင်မြင့် [အထပြ(ငြိမ်း)၊ အထက(၁)ဒဂုံ]တို့၏ သမီး
မအေးနန္ဒာကျော်
B.A(SEAP), B.A(English)
Diploma in International Information Business (Japan Medicine & Business Coollege)
တို့သည် ၁၃-၂-၂၀၁၆ရက် (စနေနေ့) Novotel Yangon Max တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်တေဇာဦး-မအေးနန္ဒာကျော်







လျင်မြန် သက်သာ အကျယ်ပြန့်ဆုံး
ဆွေသဟာ
ဖုန်းအားလုံးခေါ်ဆိုခ
၁မိနစ်
၂၃ကျပ်
အသက်သာဆုံး
Message နှုန်းထား
SMS
1SMS
၁၀ကျပ်
အမြန်ဆုံးအင်တာနက်
1MB
၆ကျပ်
3G
အကျယ်ပြန့်ဆုံး ကွန်ရက်
ဆွေသဟာ
ကို ရယူရန်
"SWE" ဟု ရိုက်၍ 1 3 3 2 သို့
အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှု ရယူနိုင်ပါသည်။
CALL CENTER 106 (၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
အသေးစိတ်သိရှိလိုပါက http://www.mpt.com.mm
https://facebook.com/mptofficialpage သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
MPT
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ရှေ့သို့လှမ်းချီ မြန်မာပြည်

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ မတ်လ၊ ၅၊၆ (၅၉)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

